မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၃၃ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ရန် **"အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန** (National Reconciliation and Peace Center-NRPC)**"** ကို အောက်ပါပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည်<br>နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒေါက်တာတင်မျိုးဝင်း<br>ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု<br>ပင်လုံအကြို ပြင်ဆင်ရေးကော်မတီ | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | နိုင်သက်လွင်<br>ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(ဆ) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အဖွဲ့ဝင်
အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင် အဖွဲ့ဝင်
အမှတ် (၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဈ) ဦးခွန်မောင်သောင်း (ပင်လောင်းမဲဆန္ဒနယ်) အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်
ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ
ပြည်သူ့လွှတ်တော်

(ည) ဒေါ်ရှီလာနန်တောင် (ခ) ဒေါ်အမ်နန်တောင် အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ် (၂)၊ ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ
အမျိုးသားလွှတ်တော်

(ဋ) ဦးခင်မောင်တင် အတွင်းရေးမှူး
ဒုတိယဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ခ) ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်း ပြည်ပမှအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ပြည်တွင်း ပြည်ပ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ၊ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေဒီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သည့် အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**ငြိမ်းချမ်းရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် **"ငြိမ်းချမ်းရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါက်တာတင်မျိုးဝင်း<br>ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု<br>ပင်လုံအကြို ပြင်ဆင်ရေးကော်မတီ | ဥက္ကဋ္ဌ |
| (ခ) | ဦးသိန်းဇော်<br>ကော်မတီဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု<br>ပင်လုံအကြို ပြင်ဆင်ရေးကော်မတီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပါမောက္ခဒေါက်တာအောင်ထွန်းသက် | အဖွဲ့ဝင် |
| (ဃ) | ဦးနိုင်ငံလင်း<br>လူမှုရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးအောင်စိုး<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးခင်ဇော်ဦး<br>ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)<br>ကော်မတီဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု<br>ပင်လုံအကြို ပြင်ဆင်ရေးကော်မတီ | အတွင်းရေးမှူး |

၂။ ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center - NRPC) က ချမှတ်ထားသော မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သော အကြံပြုချက်များ ရှာဖွေဖော်ထုတ်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တင်ပြခြင်း၊

(ဃ) ပြည်တွင်းငြိမ်းချမ်းရေးနှင့် တစ်ဆက်တည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကိုယ်စား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ခွင့်ပြုချက်ဖြင့် ငွေကြေးသုံးစွဲခြင်း၊

(စ) ငြိမ်းချမ်းရေးကော်မရှင်၏ ဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်း၊

(ဆ) ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များရယူနိုင်ရန် **"အကြံပေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးအောင်ကြည် — အဖွဲ့ခေါင်းဆောင်
ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား)

(ခ) ဦးလှမောင်ရွှေ — အဖွဲ့ဝင်
အတွင်းရေးမှူး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီ

(ဂ) ဒေါက်တာမင်းဇော်ဦး — အဖွဲ့ဝင်
အတွင်းရေးမှူး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

၄။ ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းများကို အထောက်အကူပြု ပံ့ပိုးကူညီနိုင်ရန် **"အထောက်အကူပြုအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးအေးလွင် — အဖွဲ့ခေါင်းဆောင်

(ခ) ဦးမိုးဇော်ဦး — အဖွဲ့ဝင်

(ဂ) ဦးကျော်သူရ — အဖွဲ့ဝင်
ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအကြို ပြင်ဆင်ရေးဆပ်ကော်မတီ (၁)

(ဃ) ဦးကျော်လင်းဦး — အဖွဲ့ဝင်
ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီ (၂)

(င) ဒေါက်တာခင်သာရှန်ဇော် — အဖွဲ့ဝင်

(စ) ဒေါက်တာဆုမြတ်နိုင် — အဖွဲ့ဝင်

(ဆ) ဒေါ်ခင်ဖွေးဖွေးရည် — အဖွဲ့ဝင်

၅။ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်လိုက်သည်။ ပြည်ထောင်စုဝန်ကြီးအဆင့်နှင့်လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

၆။ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၇။ ငြိမ်းချမ်းရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဌာနမှ သင့်လျော်သည့် ဝန်ထမ်းဦးရေဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ နိုင်ငံတော်သမ္မတရုံးသည် ငြိမ်းချမ်းရေးကော်မရှင်၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်များကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၉။ အကြံပေးအဖွဲ့ အဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်များအတွက် လစာ၊ စရိတ်၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၁၀။ ငြိမ်းချမ်းရေးကော်မရှင်၏ အသုံးစရိတ်များကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းမှလည်းကောင်း၊ နိုင်ငံတကာ ထောက်ပံ့ကူညီမှုများမှလည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ကျခံသုံးစွဲနိုင်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

### အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ ဆန္ဒပြမှု၊ ဆူပူအကြမ်းဖက်ဖျက်ဆီးမှုအခြေအနေများကို ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်နိုင်ရန် **“အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးချုပ်အားလုံး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | စစ်ဦးစီးအရာရှိချုပ် (ကြည်း)<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အစိုးရ၏ လုံခြုံရေးအဖွဲ့အစည်းများကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်စေရန်၊

(ခ) ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်၍ အဓိကရုဏ်းဖြစ်ပွားခဲ့လျှင် လျင်လျင်မြန်မြန် ကိုင်တွယ်ထိန်းသိမ်းနိုင်ရန် (Rapid Response) စီမံပေးရန်၊

(ဂ) လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းများ ထပ်မံမဖြစ်ပွားစေရေး၊ ထိထိရောက်ရောက် ကာကွယ်နိုင်ရန်၊

(ဃ) နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တားဆီးကာကွယ်နိုင်ရေး စီမံပေးရန်၊

(င) မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆက်စပ် ဆောင်ရွက်ပေးသွားရန်၊

(စ) လူမှုရေးအဖွဲ့အစည်းများ၏ အကူအညီကိုရယူပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန်၊

(ဆ) မီဒီယာဖြင့် သွေးထိုးလှုံ့ဆော်မှုများရှိပါက ပြည်သူများက အဖြစ်မှန်သိရှိစေရန် မီဒီယာဖြင့် ရှင်းလင်းတုံ့ပြန်ရန်၊

(ဇ) နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှုများဖြင့် အထွေထွေဆန္ဒပြမှုအသွင် ပြုလုပ်လာပါက ပြည်သူ့အားဖြင့် ပြန်လည်ဆန္ဒဖော်ထုတ်မှုဖြင့် ချေဖျက်ရန်၊

(ဈ) ဆန္ဒပြမှု၊ ဆူပူအကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်နိုင်ရန် သတင်းရရှိရေးအပြင် ဆန္ဒပြဆူပူအကြမ်းဖက်နေစဉ်ကာ လှုပ်ရှားမှုသတင်းမှန်သမျှကို ရယူမှတ်တမ်းတင်ပြထားပြီး မမှန်မကန် ဝေဖန်ထိုးနှက်မှုများရှိပါက ထုတ်ဖော်တုံ့ပြန်ရန်၊

(ည) ဆန္ဒပြဆူပူအကြမ်းဖက်မှုအမျိုးအစားအလိုက် ကိုင်တွယ်ထိန်းသိမ်းနိုင်မည့် စီမံခန့်ခွဲမှုများကို ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက အသေးစိတ်ညှိနှိုင်း၍ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်၊

(ဋ) ညှိနှိုင်းအစည်းအဝေးများပြုလုပ်ရာတွင် လိုအပ်ပါက အခြား ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များအား ခေါ်ယူညှိနှိုင်းဆောင်ရွက်ရန်၊

(ဌ) လိုအပ်သည့်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

**တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီတွင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ"** တွင် အဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ကျန်းမာရေးဦးစီးဌာန**အစား** တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးတို့ကို အဖွဲ့ဝင်များအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၈/၂၀၁၅ ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"** တွင် အဖွဲ့ဝင် ဦးအောင်လှထွန်းကို ဒုတိယဥက္ကဋ္ဌ (၁) အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သက်ကြီးရွယ်အို**ဆိုသည်မှာ အသက် ၆၀ နှစ်နှင့်အထက်ရှိပြီး မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအားလုံးကို ဆိုသည်။

(ခ) **အိုမင်းမစွမ်းသူ**ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုကို ဆိုသည်။

(ဂ) **စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွား**ဆိုသည်မှာ သားသမီးနှင့် မြေးများမရှိခြင်းကြောင့်ဖြစ်စေ၊ သားသမီးနှင့်မြေးများရှိသော်လည်း ၎င်းတို့ကစွန့်ပစ်ထားခြင်း၊ လျစ်လျူရှုပြီးမထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့နိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ ဆင်းရဲချို့တဲ့သော သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အို မိဘဘိုးဘွားကို ဆိုသည်။ ယင်းစကားရပ်တွင် မိဘမဲ့ သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် သွေးရင်း ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့လည်း ပါဝင်သည်။

(ဃ) **စရိတ်ထောက်ပံ့မှု**ဆိုရာတွင် သက်ကြီးရွယ်အို၏ လိုအပ်သော စားဝတ်နေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေး စောင့်ရှောက်မှုတို့အတွက် ထောက်ပံ့ဖြည့်ဆည်းပေးရသော စရိတ်တို့ ပါဝင်သည်။

(င) **မိဘ**ဆိုသည်မှာ မိရင်း၊ ဖရင်းနှင့် မွေးစားမိဘတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် လင်ပါ မယားပါ သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် မိထွေး၊ ပထွေးများလည်း ပါဝင်သည်။

(စ) **သားသမီး**ဆိုသည်မှာ သားရင်း သမီးရင်းနှင့် မွေးစားသားနှင့် မွေးစားသမီးတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် မိထွေး၊ ပထွေးက ကြည့်ရှုစောင့်ရှောက်ခဲ့သည့် လင်ပါ၊ မယားပါ သားသမီးများလည်း ပါဝင်သည်။

(ဆ) **သက်ကြီးရွယ်အို သက်သေခံကတ်ပြား**ဆိုသည်မှာ ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန် ဤဥပဒေအရ သက်ကြီးရွယ်အိုအား သက်သေခံ အထောက်အထားအဖြစ် ထုတ်ပေးထားသောကတ်ပြားကို ဆိုသည်။

(ဇ) **မိသားစုစောင့်ရှောက်မှု**ဆိုသည်မှာ သက်ကြီးရွယ်အို မိဘဘိုးဘွားများအား ၎င်းတို့၏ မိသားစုဝင်များက ကြည့်ရှုစောင့်ရှောက်မှုကို ဆိုသည်။

(ဈ) **အိမ်အခြေပြု ရပ်ရွာအခြေပြု စောင့်ရှောက်မှု**ဆိုသည်မှာ သက်ကြီးရွယ်အိုများ အချင်းချင်းဖြစ်စေ၊ မိသားစုမှဖြစ်စေ၊ စေတနာ့ဝန်ထမ်း သို့မဟုတ် အခပေးဝန်ဆောင်မှုပေးသူများ အပါအဝင် မိသားစုဝင် မဟုတ်သော အခြားစောင့်ရှောက်သူများမှဖြစ်စေ အိမ်တိုင်ရာရောက် စောင့်ရှောက်မှု ပေးခြင်း သို့မဟုတ် ရပ်ရွာပြည်သူလူထုအတွင်း စောင့်ရှောက်မှုပေးခြင်းကို ဆိုသည်။

(ည) **လူမှုရေးစောင့်ရှောက်မှု**ဆိုသည်မှာ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့်လူမှုရေးနယ်ပယ်ရှိ အပြန်အလှန် ဆက်ဆံမှုတို့ကို ပိုမိုတိုးမြင့်ရန်အလို့ငှာ တစ်ကိုယ်ရေ စောင့်ရှောက်မှုအတွက် လိုအပ်သော အစားအသောက်၊ အသုံးအဆောင်ပစ္စည်းကိရိယာများနှင့် နေ့စဉ်လှုပ်ရှားမှုများ အတွက် လိုအပ်ချက်များကို လူမှုရေးအထောက်အပံ့များနှင့်တကွ ဖြည့်ဆည်းစောင့်ရှောက် ပေးခြင်းကို ဆိုသည်။

(ဋ) **ကျန်းမာရေးစောင့်ရှောက်မှု**ဆိုသည်မှာ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်း၊ ကုသခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို ဆိုသည်။

(ဌ) **ဘိုးဘွားရိပ်သာ**ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်း ပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား နားခိုရာရိပ်သာ စားသောက်နေထိုင်မှု လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ဂေဟာကို ဆိုသည်။

(ဍ) **တည်ထောင်ခွင့်ပြုမိန့်**ဆိုသည်မှာ ဘိုးဘွားရိပ်သာတည်ထောင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဎ) **သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း**ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်း ပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း များက ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

(ဏ) **လုပ်ငန်းလုပ်ကိုင်ခွင့်**ဆိုသည်မှာ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(တ) **ရန်ပုံငွေ**ဆိုသည်မှာ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေး အတွက် ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ထ) **မတရားပြုကျင့်ခြင်း** (Abuse) ဆိုရာတွင် သက်ကြီးရွယ်အိုအား အစားအသောက် သို့မဟုတ် ဆေးဝါးကို လုံလောက်စွာမပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက် ညှဉ်းပန်းခြင်း သို့မဟုတ် မလျော်မကန်ပြုလုပ်ခြင်း ပါဝင်သည်။

(ဒ) **လျစ်လျူရှုခြင်း**ဆိုသည်မှာ သက်ကြီးရွယ်အိုအား ထိုက်သည့် အားလျော်စွာ တွေ့ကဆုံမှုမပြုခြင်း၊ လိုအပ်သော အစားအသောက်များ လုံလောက်စွာ ဖြည့်ဆည်းမပေးခြင်း သို့မဟုတ် တစ်သီးတခြား ခွဲထားခြင်းဖြစ်သည်။

(ဓ) **မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စု အစိုးရအဖွဲ့က ဖွဲ့စည်းသော အမျိုးသားအဆင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဆိုသည်။

(န) **ဒေသဆိုင်ရာ ကော်မတီများ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ဆိုသည်။

(ပ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဖ) **လူမှုဝန်ထမ်းအရာရှိ**ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော လူမှုဝန်ထမ်းဦးစီး ဌာနမှ ဝန်ထမ်းကိုသော်လည်းကောင်း၊ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်း သို့မဟုတ် အခြားသင့်လျော် သော နိုင်ငံသားကိုသော်လည်းကောင်း ဆိုသည်။

(ဇ) **ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ်**ဆိုသည်မှာ ဘိုးဘွားရိပ်သာကို ပိုင်ဆိုင်သူ၊ တည်ထောင်သူ သို့မဟုတ် တာဝန်ယူ၍ စီမံခန့်ခွဲသူကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသူတစ်ဦးဦးက လွှဲအပ် တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်လည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ကြီးရွယ်အိုများကို မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ မြန်မာမှုဝန်းကျင်နှင့် လိုက်လျော ညီထွေဖြစ်နိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုမြှင့်တင်ရန်နှင့်လိုအပ်သည့် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ခ) နိုင်ငံတော်နှင့် စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများ ဆောင်ရွက်နေသော ဝင်ငွေရလုပ်ငန်းများကို တိုက်တွန်းအားပေးခြင်းဖြင့် လည်းကောင်း သက်ကြီးရွယ်အိုများ၏ ဝင်ငွေလုံခြုံမှုကို ဆောင်ရွက်ပေးရန်၊

(ဂ) သက်ကြီးရွယ်အိုများသည် မိမိကိုယ်မိမိ စောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုများအား လုံလောက်စွာရရှိစေရန်၊

(ဃ) စောင့်ရှောက်မည့်သူမရှိသည့် ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ဘိုးဘွားရိပ်သာများတွင် နားခိုစောင့်ရှောက်မှုပေးနိုင်ရန်၊

(င) အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့များကို တိုးမြှင့်ဖွဲ့စည်းခြင်းဖြင့် လူမှုရေးနှင့် ရပ်ရေးရွာရေးများတွင် သက်ကြီးရွယ်အိုများ ပါဝင်ဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန်၊

(စ) အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် သက်ကြီးရွယ်အိုများ လွယ်ကူစွာရရှိနိုင်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရန်၊

(ဆ) လှုပ်ရှားသွားလာနေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် ဈေးနှုန်းသက်သာ၍ လွယ်ကူစွာ အသုံးပြုနိုင်သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်များနှင့် နောက်ဆက်တွဲကာလများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေးအထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေးစခန်းများ စီစဉ် ပံ့ပိုးရာတွင် သက်ကြီးရွယ်အိုများအတွက် အထူးအလေးထား ဆောင်ရွက်ရန်၊

(ဈ) သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရရှိနိုင်စေရန်၊

(ည) မြန်မာနိုင်ငံသားတိုင်း ရရှိနိုင်မည့်အခွင့်အရေးနှင့် ဤဥပဒေအရ ပြဋ္ဌာန်းထားသော အခွင့်အရေး အားလုံးကို သက်ကြီးရွယ်အိုများ ရရှိနိုင်စေရန်။

## အခန်း (၃)
## မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ကာကွယ်ရေးနှင့် သက်ကြီးရွယ်အိုများအား ကြည့်ရှု စောင့်ရှောက်ရေးအတွက်လည်းကောင်း၊ မူဝါဒများနှင့်လမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော်

ဆောင်ရွက်မှုကို ကြီးကြပ်ခြင်းများ ပြုနိုင်ရေးအတွက်သော်လည်းကောင်း အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများမှ<br>၃ ဦးထက်မပိုသော ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၁၃) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၄) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၁၅) | ပြည်တွင်းရှိ အစိုးရမဟုတ်သော သက်ကြီးရွယ်အိုဆိုင်ရာ<br>အဖွဲ့အစည်းများမှ ၅ ဦးထက်မပိုသော သင့်လျော်သည့်<br>ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |
| (၁၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) လိုအပ်ပါက မြန်မာနိုင်ငံသက်ကြီးရွယ်ဆိုများဆိုင်ရာ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် လိုအပ်သော မူဝါဒများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) သက်ကြီးရွယ်အိုများ၊ အထူးသဖြင့် အိုမင်းမစွမ်းသူများအား ထိရောက်စွာ ထောက်ပံ့ကူညီရေးနှင့် စောင့်ရှောက်ရေးတို့အတွက် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်း၊ စီမံချက်နှင့် အစီအစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏ တာဝန်များနှင့်လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) သက်ကြီးရွယ်အိုများအတွက် မိသားစုစောင့်ရှောက်မှု၊ အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်းကောင်း၊ ထောက်ပံ့ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ကူညီထောက်ပံ့မှုတို့ကို လည်းကောင်း လုပ်ငန်းအစီအစဉ်များ ချမှတ်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြန်မာ့ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များအပေါ် အခြေခံတည်ဆောက်ထားသော မိသားစု ပုံစံကို ပိုမိုခိုင်မာစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်က သဘောတူလက်ခံထားသော သက်ကြီးရွယ်အိုများ၏အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကြေညာစာတမ်းများ၊ သဘောတူစာချုပ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များကို အချိန် နှင့်တစ်ပြေးညီ မှန်ကန်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ကြီးရွယ်အိုများ ကြုံတွေ့ရသည့် ပြဿနာများ၏ အခြေခံအကြောင်းအရင်းများ၊ လိုအပ်ချက် များ၊ လိုအင်ဆန္ဒများကို ဖော်ထုတ်နိုင်မည့် လေ့လာမှုများ၊ သုတေသနပြုခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး ထိရောက်သော လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဈ) သက်ကြီးရွယ်အိုများ၏ ပြဿနာများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ပြည်သူများ နားလည်သဘောပေါက်စေရန် အသိပညာပေးခြင်း၊

(ည) စောင့်ရှောက်ရေးဌာနများ၊ အပန်းဖြေနားနေရန်နေရာများ၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေး ဌာနများနှင့် ဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်း၊ လမ်းညွှန်ချက်များနှင့် စည်းကမ်းချက် များချမှတ်ခြင်း၊ လိုအပ်သောပံ့ပိုးမှုများပေးခြင်း၊

(ဋ) သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရေးသည် မျိုးဆက်သစ်လူငယ်များတွင် တာဝန်ရှိသည် ဟူသောခံယူချက် တိုးပွားလာစေရန် ကျောင်းများနှင့် အခြားသင့်လျော်သောနေရာများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအစီအစဉ်များ ပြုလုပ်ပေးခြင်း၊

(ဌ) သက်ကြီးရွယ်အိုများ ခံစားခွင့်ရှိသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပေးခြင်း၊

(ဍ) မျိုးဆက်သစ်လူငယ်များကို သက်ကြီးရွယ်အိုဘဝအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသော အစီအမံများကို မိတ်ဆက်ပေးခြင်း၊ သင့်လျော်သော လူမှုဖူလုံရေးအစီအစဉ်များကို စတင်ဆောင်ရွက်ခြင်းနှင့် ၎င်းအစီအစဉ်များတွင် လူငယ်များ ပါဝင်လာရေးအတွက် တိုက်တွန်းအားပေးမှုပြုလုပ်ခြင်း၊

(ဎ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများနှင့် ကောင်းကျိုးများအား ကာကွယ်မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တားဆီးရန်အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရမည်။

၇။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့် ရှိသည်။

၈။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာငွေအရအသုံး ငွေစာရင်းမှ ကျခံရမည်။

## အခန်း (၄)
## ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ စီမံကိန်းကို မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ထိုစီမံကိန်းကို စောင့်ကြည့်ကွပ်ကဲနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းအများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ သက်ကြီးရွယ်အို ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် ၁၅ ဦးထက်မပိုသော သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုဆိုင်ရာ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ သင့်လျော်သည့် ၉ ဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းပေးရမည်။

(ခ) လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ ဒေသဆိုင်ရာ ကော်မတီများသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်-

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ စီမံကိန်းနှင့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိဒေသ၏ ဓလေ့ထုံးတမ်း၊ လူမှုအဖွဲ့အစည်း ကျင့်စဉ်များနှင့် လိုက်လျောညီထွေရှိစေမည့် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ခ) ဤဥပဒေပါ ရည်ရွယ်ချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနရုံးများက ဆောင်ရွက်ပေးရမည်။

၁၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဒေသဆိုင်ရာကော်မတီများ၏ အဖွဲ့ဝင်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၄။ ဒေသဆိုင်ရာကော်မတီများ၏ ကုန်ကျစရိတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ အရအသုံး ငွေစာရင်းမှ ကျခံရမည်။

## အခန်း (၅)
## သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ

၁၅။ သက်ကြီးရွယ်အိုတိုင်းသည် ဤဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှု တို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့်ရှိစေရမည်။

၁၆။ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများတွင် အောက်ပါတို့ပါဝင်သည် -

(က) အခြေခံစားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုခံယူရေး တို့တွင် သင့်လျော်သော အထောက်အပံ့ရရှိခွင့်၊

(ခ) ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ဆောက်တည်ခွင့်၊

(ဂ) တစ်သီးပုဂ္ဂလ လွတ်လပ်ခွင့်၊ မိမိဘဝအတွက် ဆုံးဖြတ်ချက်များချမှတ်ရန် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့် နှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ခွင့်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လူမှုအဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်မှုများအတွင်း ပါဝင်ဆောင်ရွက်ခွင့်။

(င) သက်ကြီးရွယ်အိုဘဝ၌ သင့်တင့်သော ဝင်ငွေပုံမှန်ရရှိရေးနှင့် နေထိုင်မှုအဆင့်အတန်းရှိရေးတို့ အတွက် အထောက်အပံ့ရယူခွင့်၊

(စ) တည်ဆဲဥပဒေများ၊ ဓလေ့ထုံးတမ်း ဥပဒေများနှင့်အညီ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်၊

(ဆ) စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများက ၎င်းတို့၏ သားသမီးနှင့် မြေးများထံမှ စရိတ်ထောက်ပံ့မှု ရပိုင်ခွင့်၊

(ဇ) နိုင်ငံတော်နှင့် စေတနာရှင်များက ကူညီထောက်ပံ့သော သက်ကြီးရွယ်အို ထောက်ပံ့ငွေကို ရခွင့်၊

(ဈ) နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ခွင့်နှင့် သင့်လျော်သော ယာဉ်စီးခ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်၊

(ည) ၎င်းတို့၏ ရပ်ရွာအတွင်း၌ ဂုဏ်သိက္ခာရှိစွာဖြင့် မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု ရပ်ရွာအခြေပြုစောင့်ရှောက်မှုဆိုင်ရာ အထောက်အကူများ ရပိုင်ခွင့်၊

(ဋ) ခွဲခြားဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လျစ်လျူရှုခြင်း၊ စွန့်ပစ်ခြင်းနှင့် အမြတ်ထုတ်ခြင်း စသည့်အချက်များမှ အကာအကွယ်ပေးမှုရရှိခွင့်၊

(ဌ) နာရေးကိစ္စ ဖြစ်ပေါ်သည့်အခါ မိမိတို့ကိုးကွယ်ရာ ဘာသာဓလေ့ထုံးစံအရ သင်္ဂြိုဟ်ခွင့်နှင့် သင်္ဂြိုဟ်စရိတ် ကျခံရန်အခက်အခဲရှိသူ ဘိုးဘွားများအတွက် စရိတ်ကင်းလွတ်ခွင့်၊

(ဍ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုသော သက်ကြီးရွယ်အိုဆိုင်ရာ အခြားအခွင့်အရေးများရရှိခွင့်၊

(ဎ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများပါ မြန်မာနိုင်ငံသားများ၏ အခွင့်အရေးများ ရရှိခံစားခွင့်။

## အခန်း (၆)

## မိဘ ဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် သားသမီး မြေးတို့၏ တာဝန်များ

၁၇။ အရွယ်ရောက်သော မိသားစုဝင် သားသမီးနှင့်မြေးများသည် မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့်ပစ္စည်းများရှိလျှင် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိလျှင် -

(က) မိဘဘိုးဘွားများအား ၎င်းတို့၏ လိုအပ်သော စားဝတ်နေရေးနှင့် မိသားစုစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက် သားသမီးနှင့်မြေးများ၏ ဝတ္တရားနှင့်အညီ စရိတ်ထောက်ပံ့ရန်နှင့် ပုံမှန်ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ခ) မိဘဘိုးဘွားများအား စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွား များအား သတ်မှတ်ချက်များနှင့်အညီ လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည်။

၁၈။ သားသမီးနှင့်မြေးတို့က စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားကဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးမိတ်ဆွေကဖြစ်စေ၊ ၎င်းတို့၏ကိုယ်စား ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ်ကဖြစ်စေ မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့်ပစ္စည်းများရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိသည့် အရွယ်ရောက်သော သားသမီး သို့မဟုတ် မြေးများက လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် ယင်းတို့အပေါ် သက်ဆိုင်ရာ တရားရုံးတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ လျှောက်ထားမှုတွင် လျှောက်ထားခံရသူ သားသမီး သို့မဟုတ် မြေးသည် မိဘဘိုးဘွားကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိသော လျှောက်ထားခံရသူ မိမိအပြင် အခြား သားသမီးများ၊ မြေးများ ရှိပါက ယင်းတို့ကို ပူးတွဲလျှောက်ထားခံရသူအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ တောင်းဆိုခွင့်ရှိသည်။

၂၀။ သက်ဆိုင်ရာတရားရုံးသည် -

(က) ပုဒ်မ ၁၉ အရ စရိတ်ထောက်ပံ့ရန် လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး လျှောက်ထားခံရသူက လုံလောက်သောအကြောင်းမရှိဘဲ စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘ

ဘိုးဘွားများအား လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် ပျက်ကွက်ကြောင်း သက်သေခံအထောက်အထား အထင်အရှားတွေ့ရှိပါက လျှောက်ထားခံရသူကို မိဘ ဘိုးဘွား တစ်ဦးလျှင် လစဉ် ကျပ် ၅၀၀၀၀ ထက်မပိုသော စရိတ် သို့မဟုတ် တစ်လုံးတည်း စရိတ်ကိုပေးစေရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ ချမှတ်သည့်စရိတ်ကို ပေးဆောင်ရန် ပျက်ကွက်ပါက ရာဇဝင်ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင် ပျက်ကွက်သကဲ့သို့ မှတ်ယူ၍ ငွေဒဏ်အရ ကောက်ခံခြင်းတို့ စီရင်ပိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်ပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရ လျှောက်ထားခံရသူက ၎င်း၏ ဝင်ငွေလျော့နည်းလာကြောင်း သို့မဟုတ် ဝင်ငွေမရှိကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြပြီး စရိတ်လျှော့ပေါ့ခွင့်ပြုရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာပါက သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်၍ ချမှတ်နိုင်သည်။

၂၁။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား သားသမီးနှင့်မြေးတို့က စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့်ပစ္စည်းများ မရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်ပြီး ထောက်ပံ့နိုင်စွမ်းမရှိသည့် ကိစ္စတွင်လည်းကောင်း၊ စရိတ်ထောက်ပံ့မည့် သားသမီးနှင့်မြေးများ မရှိသည့်ကိစ္စတွင်လည်းကောင်း ရန်ပုံငွေမှ သင့်လျော်သော အထောက်အပံ့ အကူအညီပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၇)
## သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျ တာဝန်ဝတ္တရားများ

၂၂။ အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှု အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည် -

(က) ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများကို အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးရေးအတွက် ယေဘုယျအားဖြင့် တာဝန်ဝတ္တရားများ ရှိကြသည်။

(ခ) သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတက်ကြွရေးအတွက် ဝိုင်းဝန်းအားပေးပြီး ကြည့်ရှုစောင့်ရှောက်မှုပေးရမည်။

(ဂ) စရိတ်ထောက်ပံ့မှုလိုအပ်သော သက်ကြီးရွယ်အိုများအား မိမိတို့တတ်စွမ်းနိုင်သမျှ စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်းတို့ ပြုရမည်။

(ဃ) သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လူမှုရေးလှုပ်ရှားမှုအသွင်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(င) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ကာကွယ်ရေးနှင့် ၎င်းတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရေးအတွက် လူမှုရေးအသိစိတ်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(စ) သက်ကြီးရွယ်အို ဆုံးပါးသွားသောအခါ၌ ၎င်း၏ဈာပနအား စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်သည့် ဖြစ်စဉ်မှတစ်ဆင့် သက်ကြီးရွယ်အိုများ၏ အမြင်များကို သိရှိအောင်ဆောင်ရွက်ပြီး သက်ကြီးရွယ်အိုများအား ကူညီခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် လေးစားခြင်းတည်းဟူသော လူမှုတန်ဖိုးထားမှုများကို ကျောင်းများအပါအဝင် အများပြည်သူအား အသိပညာပေးမှု မြှင့်တင်ဆောင်ရွက်ရမည်။

(ဇ) သက်ကြီးရွယ်အိုများအတွက် စေတနာ့ဝန်ထမ်းဝန်ဆောင်မှုများကို အားပေးကူညီရမည်။

(ဈ) အိမ်နီးချင်း အပြန်အလှန် ကူညီသော ရိုးရာအစဉ်အလာ စေတနာ့ဝန်ထမ်းစိတ်ဓာတ်အား မြှင့်တင်ရန်နှင့် အကူအညီလိုအပ်သော သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရန်အတွက် သက်ကြီးရွယ်အိုများ၏ အိမ်နီးချင်းများကို အားပေးတိုက်တွန်းရမည်။

၂၃။ သက်ကြီးရွယ်အိုများဆိုင်ရာ နိုင်ငံတော်၏ အခန်းကဏ္ဍမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ကြီးရွယ်အိုအားလုံး၏ အခွင့်အရေးများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးခြင်း၊

(ခ) မိသားစုမရှိ၍ ကြည့်ရှုစောင့်ရှောက်မှုပေးရန်လိုအပ်သည့် သက်ကြီးရွယ်အိုများအား ကိုယ်စိတ်နှစ်ပါး ကောင်းကျိုးချမ်းသာ ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ဂ) သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် သင့်တင့် လျောက်ပတ်သော နှစ်စဉ်ရန်ပုံငွေ ခွဲဝေချထားပေးခြင်း၊

(ဃ) ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအား ရန်ပုံငွေမှ သင့်လျော်သော စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း၊

(င) လူမှုအဖွဲ့အစည်းအတွင်း သက်ကြီးရွယ်အိုများ အလေးစားခံရရေးနှင့် လုံခြုံသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးတို့အတွက် အခြေအနေများ ဖန်တီးပေးခြင်းနှင့် တွန်းအားပေးခြင်း၊

(စ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ချိုးဖောက်သော လူပုဂ္ဂိုလ်များနှင့် အဖွဲ့ အစည်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

## အခန်း (၈)
## ဝင်ငွေပုံမှန်ရရှိရေး

၂၄။ မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် အလုပ်လုပ်နိုင်စွမ်းရှိပြီး အလုပ်လုပ်ချင်စိတ် ရှိသော သက်ကြီးရွယ်အိုများအား သင့်လျော်သော အလုပ်အကိုင် ရှာဖွေပေးနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး -

(က) အချိန်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းကောင်း၊ စွမ်းဆောင်နိုင်စွမ်းရှိသော အလုပ် အကိုင်များကိုလည်းကောင်း သက်ကြီးရွယ်အိုများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆောင်ရွက်ရန် ချေးငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) သက်ကြီးရွယ်အိုများအတွက် အသက်မွေးဝမ်းကျောင်းပညာနှင့် ကျွမ်းကျင်မှုပေးနိုင်မည့် သင်တန်း များပေးရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) သက်ကြီးရွယ်အိုများအား အလုပ်အကိုင်အခွင့်အလမ်းများပေးသည့် အလုပ်ရှင်များကို သင့်လျော် သော အခွန်အခများ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရေးအတွက် အစီအမံများ ချမှတ် ဆောင်ရွက်ပေးရမည်။

၂၅။ နိုင်ငံတော်သည် သက်ကြီးရွယ်အိုများအတွက် အသက်အရွယ်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အို ခံစားခွင့်ရရှိနိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၉)
## သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှု

၂၆။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများ သက်ရှည်ကျန်းမာ၍ သင့်လျော်သောနေရာတွင် နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရ ဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း များနှင့် ညှိနှိုင်း၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုများအား လက်လှမ်းမီသမျှ ဖြည့်ဆည်း နိုင်ရေး ချိတ်ဆက်ပေးရမည်။

၂၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ဆေးဘက်ဆိုင်ရာ ဌာနများသည် အရည်အသွေးပြည့်ဝသော၊ သင့်လျော်သော ဆေးဝါးကုသမှုများအား သက်ကြီးရွယ်အိုများ အလွယ်တကူ လက်လှမ်းမီနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) သက်ကြီးရွယ်အိုများအတွက် လိုအပ်မည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(ဂ) သက်ကြီးရွယ်အိုဆိုင်ရာ သုတေသနလုပ်ငန်းများအား တိုးမြှင့်ခြင်းနှင့် သက်ကြီးအထူးကုဘာသာရပ်အတွက် ကျွမ်းကျင်သူများအား လေ့ကျင့်သင်ကြားပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၈။ ကျန်းမာရေးဝန်ကြီးဌာနသည် သက်ကြီးရွယ်အိုနှင့် လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းသော သက်ကြီးဘဝနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများနှင့် ရောဂါကြိုတင်တားဆီး ကာကွယ်ခြင်းများအား နည်းမျိုးစုံဖြင့် ဆောင်ရွက်ရမည်။

၂၉။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် အထူးစောင့်ရှောက်ရန် လိုအပ်သော သက်ကြီးရွယ်အိုများအား မိမိကိုယ်ကို ပြုစုစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှု၊ ရပ်ရွာမှစောင့်ရှောက်မှုပေးနေသည့် အထူးကိစ္စရပ်များတွင် ပိုမိုပြည့်စုံလုံလောက်သော စောင့်ရှောက်မှုပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် -

(က) မိသားစုဝင်ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဖြစ်စေ ပြုစုစောင့်ရှောက်မှုပေးသူများအား သင့်လျော်သော ထောက်ပံ့မှု ပေးရမည်။

(ခ) အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက် ပေးသူများအား အားပေးခြင်းနှင့် ဖြည့်စွက်ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးရမည်။

## အခန်း (၁၀)

## သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာ နေထိုင်နိုင်သော ပတ်ဝန်းကျင်ဖြစ်ရေး

၃၀။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများအပေါ် ခွဲခြားဆက်ဆံခြင်းမရှိစေရန် ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု မဟုတ်ကြောင်း၊ လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးဆောင်ရွက်ပေးလျက်ရှိသောသူများဖြစ်ကြောင်း အသိပညာပေးမှု မြှင့်တင်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးခြင်း၊ လက်ခံခြင်းနှင့် ကြိုဆိုခြင်းများ စီစဉ်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများအား သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းအစီအစဉ်၊ အခြေခံအဆောက်အအုံ၊ အမှီခိုကင်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သောဝန်ဆောင်မှုများ၊ ဆက်စပ်ပစ္စည်းများနှင့် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေးစသည့် လိုအပ်ချက်များ မြှင့်တင်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) မြို့ရွာများရှိ အများပြည်သူအသုံးပြုသည့် နေရာများနှင့် အိမ်ရာများ တည်ဆောက်သောအခါ သို့မဟုတ် ပြန်လည်ပြုပြင်သောအခါ သက်ကြီးရွယ်အိုများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း၊ သက်ကြီးရွယ်အိုများ၏ နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် သင့်လျော်မည့် အသုံးအဆောင်ပစ္စည်းများ ထည့်သွင်းတပ်ဆင်ပေးခြင်း၊

(ခ) သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ဖြည့်ဆည်းသင့်သည့် အသုံးအဆောင်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယန္တရားများကို လွယ်ကူစွာ အသုံးပြုနိုင်ရန် ပုဂ္ဂလိက ကဏ္ဍနှင့်အရပ်ဘက်အဖွဲ့အစည်းများအား လမ်းညွှန်မှုပေးခြင်း၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခြင်း။

(ဂ) သက်ကြီးရွယ်အိုများအတွက် အထူးဆေးကုသမှု ခံယူရာ၌လည်းကောင်း၊ အများပြည်သူ သွားရောက်လည်ပတ်ရာနေရာများအား ဝင်ရောက်ကြည့်ရှုရာ၌လည်းကောင်း၊ ဝန်ဆောင်မှုများ အသုံးပြုရာ၌လည်းကကောင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယန္တရားများ အသုံးပြုရာ၌လည်းကောင်း ဈေးနှုန်းသက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း။

၃၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ယဉ်ကျေးမှုနှင့်အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ နေ့စဉ်ဘဝလှုပ်ရှားမှုအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ကွန်ရက်ဖွဲ့စည်းမှုနှင့် ရပ်ရွာဝန်ဆောင်မှုများအား တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားရမည်။

၃၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများအဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေး စသည့်လိုအပ်ချက်များကို မြှင့်တင်ပေးရေးအတွက် တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှု

၃၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ပေါင်းစည်းဆောင်ရွက်နိုင်ရန်အလို့ငှာ လူမှုဝန်ထမ်းဆိုင်ရာဝန်ဆောင်မှုအဖွဲ့အစည်းများ တည်ထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို အားပေးတိုက်တွန်းရမည်။

၃၅။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအစီအစဉ်များရေးဆွဲခြင်း၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအားရရှိစေရန် ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွင်း လူမှုရေးနှင့် ယဉ်ကျေးမှု အခမ်းအနားများတွင် သက်ကြီးရွယ်အိုများ၏ ပါဝင်ဆောင်ရွက်မှု မြှင့်တင်ပေးခြင်းတို့အတွက် သက်ကြီးရွယ်အိုများကိုယ်တိုင် ဦးဆောင်သော အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု အဖွဲ့အစည်းများအား ငွေကြေးဖြင့်ဖြစ်စေ၊ အခြားပုံစံများဖြင့်ဖြစ်စေ ထောက်ပံ့မှုပြုရမည်။

## အခန်း (၁၂)
## သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း

၃၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရေးအတွက် လိုအပ်သော အစီအစဉ်များနှင့် စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန်နှင့် သက်ကြီးရွယ်အိုများ၏ စာရင်းဇယားများ တိကျမှန်ကန်စေရေးအလို့ငှာ သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးသည့် ခရိုင် သို့မဟုတ် မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအရာရှိများကို တာဝန်ပေးရမည်။

၃၇။ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးသည့် ခရိုင် သို့မဟုတ် မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအရာရှိသည် -

(က) သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၏ စာရင်းကိုကောက်ယူပြီး သက်ကြီးရွယ်အို သက်သေခံကတ်ပြားများကို အခမဲ့ ထုတ်ပေးရမည်။

(ခ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရာတွင် စရိတ်ထောက်ပံ့မှုနှင့် ကြည့်ရှုစောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများကို အမျိုးအစားခွဲခြား ဖော်ပြ၍ ထုတ်ပေးရမည်။

၃၈။ သက်ကြီးရွယ်အိုများသည် -

(က) သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းထံ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ပြသပြီး ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုခွင့်ရှိသည်။

(ခ) မိမိတို့အား ထုတ်ပေးထားသော သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို အခြားသက်ကြီးရွယ်အို တစ်ဦးဦးအား လွှဲပြောင်းပေးခြင်း မပြုရ။

၃၉။ သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ကြီးရွယ်အိုတစ်ဦးဦးက ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ပြသပြီး ဤဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုသည့်အခါ ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းမပြုရ။

## အခန်း (၁၃)
## ဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း

၄၀။ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းသည် ဘိုးဘွားရိပ်သာကို တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ကို လျှောက်ထားရမည်။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးသည် ပုဒ်မ ၄၀ အရ ဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့် သို့မဟုတ် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ထုတ်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

၄၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) ပုဒ်မ ၄၁ အရ တင်ပြချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထုတ်ပေးရန်ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးသည့်အခါ စီးပွားရေးအလို့ငှာ တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေရမည်။ အကယ်၍ စေတနာ့ဝန်ထမ်းပရဟိတလုပ်ငန်းဖြစ်ပါက သတ်မှတ်ထားသော အခကြေးငွေကို ကင်းလွတ်ခွင့်ပြုရမည်။

၄၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ဘိုးဘွားရိပ်သာများကိုလည်းကောင်း၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းကိုလည်းကောင်း သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိများအား တာဝန်ပေးနိုင်သည်။

၄၄။ ဘိုးဘွားရိပ်သာ တာဝန်ခံသည် -

(က) ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်။

(ခ) ဘိုးဘွားများအား စိစစ်လက်ခံခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ရမည်။

(ဂ) ဘိုးဘွားရိပ်သာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ လူမှုဝန်ထမ်း ဦးစီးဌာနသို့ အစီရင်ခံရမည်။

## အခန်း (၁၄)
## လူမှုရေး အသင်းအဖွဲ့များအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

၄၅။ သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့တစ်ခုခုသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (အမှတ် ၃၁/၂၀၁၄) အရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိလျှင် ယင်းမှတ်ပုံတင်လက်မှတ်မိတ္တူပူးတွဲ၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၄၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၄၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

## အခန်း (၁၅)
## ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၄၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား ဒေသတွင်းအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများနှင့် အထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိ စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) စီးပွားရေးအလို့ငှာ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ပေးသွင်းသောငွေများ၊

(င) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၄၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကိုသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၄၉။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့်သုံးစွဲရေးကော်မတီသည် ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အို များအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံ များ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိ စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေမှ သင့်လျော်သော ထောက်ပံ့ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၅၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကိုထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ နှစ်စဉ် စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ နှစ်စဉ် စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၆။ ရန်ပုံငွေသို့ဖြစ်စေ၊ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများသို့ဖြစ်စေ၊ ထောက်ပံ့လှူဒါန်းသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝင်ငွေခွန်ပေးဆောင်ရာတွင် အဆိုပါ ထောက်ပံ့လှူဒါန်းသောငွေကို နုတ်ပယ်ခွင့်ရှိသည်။

## အခန်း (၁၆)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၇။ ဤဥပဒေအရ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကိုပေးရမည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို သက်ကြီးရွယ်အိုတစ်ဦးဦးက သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ပြသပြီး သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ခံစားခွင့်ပြုရန် တောင်းဆိုခြင်းကို ငြင်းပယ်ကြောင်း သို့မဟုတ် လျစ်လျူရှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို သက်ကြီးရွယ်အိုကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် နှိပ်စက်ညှဥ်းပန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ စီးပွားရေးအလို့ငှာ ဘိုးဘွားရိပ်သာကို တည်ထောင် ဖွင့်လှစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၆၀။ မည်သူမဆို သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခုခုကို လုပ်ငန်းလုပ်ကိုင်ခွင့်မရှိဘဲ စီးပွားရေးအလို့ငှာ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် နှစ်သိန်းမှ အများဆုံး ကျပ် သိန်းနှစ်ဆယ်အထိ ငွေဒဏ် ချမှတ်ရမည်။

၆၁။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၇)
## အထွေထွေ

၆၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာ ကော်မတီ၏ နိုင်ငံ့ဝန်ထမ်း မဟုတ်သော အဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများသည် ဤဥပဒေပါ လုပ်ငန်း တာဝန်များကို ထမ်းဆောင်နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လိုအပ်ပါက အဆောက်အအုံများအတွင်းသို့ အသိပေးအကြောင်းကြားပြီး ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးခြင်းနှင့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ပြစေခြင်းတို့ ပြုနိုင်သည်။

၆၄။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၆၆။ ဤဥပဒေအရ ပေးအပ်သော သက်ကြီးရွယ်အိုဆိုင်ရာ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဖွဲ့ဝင် တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး အပေါ် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၆၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၈ ပါ "အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ" ဆိုသည့် စကားရပ်ကို "လုပ်သက်နှစ် ၃၀ ပြည့်သောအခါ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ ကို အောက်ပါတိုင်း အစားထိုးရမည် -

"၆၂။ ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင်ခံစားခွင့် တောင်းခံသည့်အခါ ခိုင်လုံသောအကြောင်းပြချက် မရှိဘဲ ငြင်းပယ်ခြင်း မပြုရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

(ခ) **ပညာရှင်အဖွဲ့**ဆိုသည်မှာ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ အဆုံးအဖြတ်ပေးရန် ဝန်ကြီးဌာနက အချိန်ကာလသတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းသော ပညာရှင်များ ပါဝင်သည့် အဖွဲ့ကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ နည်းဥပဒေ ၁၇ အရ ဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ရှေးဟောင်းအဆောက်အအုံစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **အကျိုးခံစားခွင့်ရှိသူ**ဆိုသည်မှာ ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာတန်ဖိုးရှိသည့် အဆောက်အအုံအတွက် ဝန်ကြီးဌာနက ပေးအပ်သော ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည့် ရှေးဟောင်းအဆောက်အအုံတစ်ခုခု တွေ့ရှိသူ၊ သတင်းပို့သူ သို့မဟုတ် အပ်နှံသူကို ဆိုသည်။

(င) **ထပ်ဆောင်းတန်ဖိုး**ဆိုသည်မှာ ဝန်ကြီးဌာနကလက်ခံပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းသော ရှေးဟောင်းအဆောက်အအုံအတွက် ပေးအပ်သည့် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်ငွေကို ဆိုသည်။

(စ) **အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံ**ဆိုသည်မှာ ရှေးဟောင်းအဆောက်အအုံ၏ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူ၏ ထိန်းသိမ်းထားနိုင်မှုအခြေအနေသည် ရှေးဟောင်းအဆောက်အအုံကို တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်ခြင်း၊ ဆွေးမြည့်စေနိုင်ခြင်း၊ ပျက်စီးစေနိုင်ခြင်း၊ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေနိုင်ခြင်း၊ ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်းတို့ ဖြစ်ပေါ်စေသောအခြေအနေတွင် ရောက်ရှိနေသော ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် အကြောင်းကြောင်းကြောင့် ပျက်စီးနိုင်သည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆသော ရှေးဟောင်းအဆောက်အအုံကို ဆိုသည်။

(ဆ) **ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ်**ဆိုသည်မှာ အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံကို ကိုယ်ပိုင်ထိန်းသိမ်းထားရှိနိုင်ရန် ဦးစီးဌာနက ထုတ်ပေးထားသော ထိန်းသိမ်းခွင့်လက်မှတ်ကို ဆိုသည်။

(ဇ) **ကြိုတင်ခွင့်ပြုချက်ရရှိသူ**ဆိုသည်မှာ ရှေးဟောင်းအဆောက်အအုံနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်ရန် ဦးစီးဌာနက ကြိုတင်ခွင့်ပြုချက် ထုတ်ပေးထားသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဈ) **ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်**ဆိုသည်မှာ ရှေးဟောင်း အဆောက်အအုံနှင့် ထိစပ်လျက်ရှိသော မြေနယ်နိမိတ်အဝန်းအဝိုင်းကို ဆိုသည်။

(ည) **ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသောဧရိယာ**ဆိုသည်မှာ ရှေးဟောင်း အဆောက်အအုံ၏ သတ်မှတ်ထားသောပရဝဏ်မှ ပေ ၁၂၀ အတွင်းရှိသော မြေနယ်နိမိတ် အဝန်းအဝိုင်းကို ဆိုသည်။

(ဋ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသည့် ပုံစံတစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)
## ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း

၃။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ကိုယ်တိုင် သိရှိချက်အရဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တင်ပြချက်အရဖြစ်စေ ရှေးဟောင်း အဆောက်အအုံတည်ရှိကြောင်း သိရှိပါက ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးတင်ပြရန် ဦးစီးဌာနကို ညွှန်ကြားနိုင်သည်။

၄။ ဦးစီးဌာနသည် နည်းဥပဒေ ၃ အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်ရရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးတင်ပြရန် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံနှင့်စပ်လျဉ်း၍ စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ-

(က) ရှေးဟောင်းအဆောက်အအုံစစ်မှန်ကြောင်း ဆုံးဖြတ်လျှင်သော်လည်း၊ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်းမရှိကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်ခွင့်မရှိသော ရှေးဟောင်းအဆောက်အအုံဖြစ်ကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိကြောင်းတွေ့ရှိရလျှင် ယင်းရှေးဟောင်း အဆောက်အအုံကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံဖြစ်ပြီး နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းသင့်ကြောင်း တွေ့ရှိလျှင် ရှေးဟောင်းအဆောက်အအုံ၏ မျက်မြင် အခြေအနေကို သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူရှိပြီး ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူက မိမိကိုယ်ပိုင် ထိန်းသိမ်းစောင့်ရှောက်လိုကြောင်း တင်ပြလျှင် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ် လျှောက်ထားရယူ၍ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိကြောင်းနှင့် နိုင်ငံတော်ပိုင် အဆောက်အအုံအဖြစ် အပ်နှံလိုက အပ်နှံနိုင်ကြောင်း ရှင်းပြရမည်။

(င) နည်းဥပဒေခွဲ (က) အရ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူက ရှေးဟောင်းအဆောက် အအုံကို နိုင်ငံတော်ပိုင်အဖြစ် ဝန်ကြီးဌာနသို့ အပ်နှံပါက လက်ခံ၍ ရှေးဟောင်းအဆောက်အအုံ၏ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်ပြီး သင့်လျော်သော ထပ်ဆောင်းတန်ဖိုး ချီးမြှင့်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(စ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူရှိသော်လည်း အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံဖြစ်သည်ဟု ထင်မြင်ယူဆပါက ဝန်ကြီးဌာနသို့ လွှဲပြောင်း၍ ကာကွယ်

ထိန်းသိမ်းခွင့်ပြုသင့်ကြောင်းနှင့် ယင်းသို့ လွှဲပြောင်းပေးပါက ဝန်ကြီးဌာနက ပြုပြင်မွမ်းမံထိန်းသိမ်း စောင့်ရှောက်နိုင်သည့် အခြေအနေတို့ကိုလည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံကို ဝန်ကြီး ဌာနသို့ လွှဲပြောင်းပေးပါက သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူကို ထိုက်တန်သော ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုး ချီးမြှင့်မည်ဖြစ်ကြောင်းကိုလည်းကောင်း ရှင်းပြရမည်။

(ဆ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူရှိပြီး ယင်းပိုင်ရှင် သို့မဟုတ် ထိန်းသိမ်း စောင့်ရှောက် သူက အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံကို ဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ရန် သဘောတူလျှင် သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူကို ထိုက်တန်သော ကာလတန်ဖိုးအပြင် ထပ်ဆောင်း တန်ဖိုးချီးမြှင့်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၆။ ဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းရမည့် ရှေးဟောင်းအဆောက်အအုံဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ကာကွယ်ထိန်းသိမ်း ထားရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

(ခ) နိုင်ငံတော်ပိုင်အဖြစ်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းရမည့် ရှေးဟောင်းအဆောက်အအုံသည် အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံဖြစ်ပါက မူလရှေးဟောင်းပုံသဏ္ဌာန် ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

(ဂ) ရှေးဟောင်းအဆောက်အအုံကို ပိုင်ရှင်ကို သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူက လွှဲပြောင်း ပေးအပ်ရန် သဘောတူကြောင်း ဦးစီးဌာန၏တင်ပြချက်ကို လက်ခံရရှိလျှင် သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူကို ထိုက်တန်သော ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုးပေးအပ်၍ လွှဲပြောင်းရယူရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

(ဃ) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းအဆောက်အအုံဖြစ်သည်ဟု အတည်ပြုလျှင် ယင်းရှေးဟောင်းအဆောက်အအုံကို ထိန်းသိမ်းထားရှိရန်နှင့် ပြည်သူလူထု လေ့လာ ကြည့်ရှုနိုင်ရေး ဆောင်ရွက်ရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

(င) ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူက မိမိ သို့မဟုတ် မိမိဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့်ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်း ထားရှိလိုကြောင်း လျှောက်ထားပါက စိစစ်၍ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ် ထုတ်ပေးရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၇။ ဝန်ကြီးဌာနသည် အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံကို ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူက ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုကြောင်း လျှောက်ထားလျှင် စည်းကမ်းချက်များ သတ်မှတ်၍ ထိန်းသိမ်းခွင့်ပြုနိုင်သည်။

၈။ ဝန်ကြီးဌာနသည် အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံတည်ရှိကြောင်း ကိုယ်တိုင်သိရှိချက်အရဖြစ်စေ၊ ဦးစီးဌာန၏ တင်ပြချက်အရဖြစ်စေ သိရှိလျှင် -

(က) ယင်းရှေးဟောင်းအဆောက်အအုံ တည်ရှိသည့်နေရာသို့ သွားရောက်စစ်ဆေးရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

(ခ) သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံ ထိုက်တန်သော ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူ ထိန်းသိမ်းရမည်။

(ဂ) သက်ဆိုင်ရာ ပိုင်ရှင်က သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိ လိုကြောင်း တင်ပြလျှောက်ထားလျှင် ယင်းရှေးဟောင်းအဆောက်အအုံအတွက် ကာကွယ် ထိန်းသိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ ထိန်းသိမ်းခွင့်လက်မှတ်ဖြင့် ခွင့်ပြုနိုင်သည်။

၉။ ဦးစီးဌာနသည် သက်ဆိုင်ရာဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအဆောက်အအုံဖြစ်ပါက ဓာတ်ပုံများ၊ အသေးစိတ် ပုံဆွဲမှတ်တမ်းများနှင့် သမိုင်းမှတ်တမ်းအထောက်အထားများကို ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၀။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၉ အရ ဦးစီးဌာန၏ တင်ပြချက်အရ လိုအပ်လျှင် ရှေးဟောင်းအဆောက်အအုံကို မူလရှေးဟောင်းပုံသဏ္ဌာန်နှင့် မူလရှေးဟောင်းလက်ရာများ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် သက်ဆိုင်ရာဂေါပကအဖွဲ့အား ညွှန်ကြားနိုင်သည်။

၁၁။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ ထိန်းသိမ်းပြုပြင်ခြင်း၊ ကာကွယ်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဦးစီးဌာနအား တာဝန်ပေးရမည်။

၁၂။ ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံ၏ အောက်ပါအချက်အလက်များကို အခြေခံ၍ ဦးစားပေးအဆင့် ခွဲခြားသတ်မှတ် ဆောင်ရွက်ရမည် -

(က) လတ်တလောပြိုကျ ပျက်စီးနိုင်မှုအခြေအနေ၊

(ခ) သမိုင်းတွင် အရေးပါမှုအခြေအနေ၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားမှုအခြေအနေ၊

(ဃ) ဗိသုကာနှင့် အနုလက်ရာတည်ရှိမှုအခြေအနေ၊

(င) ဘာသာရေးအရ အလေးထားမှုများနှင့် ဆက်နွယ်ခြင်းများ၊

(စ) ယဉ်ကျေးမှုမြင်ကွင်း အနေအထား၊

(ဆ) တည်နေရာနှင့် ပတ်ဝန်းကျင်အခြေအနေ။

၁၃။ ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်နှင့် မူလလက်ရာကို ပြောင်းလဲခြင်းမရှိစေဘဲ အဓွန့်ရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်သော နည်းစနစ်ကျွမ်းကျင်သူများပါဝင်သည့် ထိန်းသိမ်းပြုပြင်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၄။ ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင်-

(က) ရှေးဟောင်းအဆောက်အအုံ၌ အသုံးပြုထားသော အမျိုးအစားတူ၊ အရွယ်အစားတူ ပစ္စည်းများကိုသာ အသုံးပြုရမည်။ အစားထိုးဖြည့်စွက်ထားသော အစိတ်အပိုင်းသည် ရှေးဟောင်းအဆောက်အအုံ၏ ကျန်ရှိနေသော အစိတ်အပိုင်းနှင့် ကြံ့ခိုင်မှုအရ ကောင်းမွန်စွာ တွဲဆက်နေရမည့်အပြင် လက်ရာအရသော်လည်းကောင်း၊ အသွင်အပြင်နှင့် အရောင်အသွေးအရသော်လည်းကောင်း၊ သာမန်အားဖြင့် ကွဲပြားခြားနားခြင်းမရှိဘဲ လိုက်လျောညီထွေမှုရှိစေရမည်။

(ခ) ရှေးဟောင်းသုတေသနနည်းပညာအရ မူရင်းကျန်ရှိသော အစိတ်အပိုင်းနှင့် အစားထိုးဖြည့်စွက်ထားသော အစိတ်အပိုင်းတို့ကို ခွဲခြားသိမြင်နိုင်စေခြင်းဖြင့် မူလကျန်ရှိသည့် ရှေးဟောင်းအဆောက်အအုံ၏ ကြံ့ခိုင်မှုနှင့် ရှေးဟောင်းလက်ရာတန်ဖိုးကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ရှေးဟောင်းအဆောက်အအုံ၏ အစိတ်အပိုင်းများအား မူလပါရှိသော အစိတ်အပိုင်း၊ ပုံစံ၊ ကိုယ်စားပြု ခေတ်လက်ရာဟန်များအတိုင်းသာ ထိန်းသိမ်းပြုပြင်ရမည်။

(ဃ) ရှေးဟောင်းအဆောက်အအုံ၏ ကျန်ရှိသော အဆင်တန်ဆာလက်ရာများအနက် ပျက်စီးသော သို့မဟုတ် ပျောက်ဆုံးသော အစိတ်အပိုင်းများနေရာတွင် ထပ်မံဖြည့်စွက်ခြင်းမပြုဘဲ ကျန်ရှိသည့် အနေအထားအတိုင်း ထိန်းသိမ်းပြုပြင်ရမည်။

(င) ရှေးဟောင်းအဆောက်အအုံ၏ ထူးခြားထင်ရှားသော ဝိသေသလက္ခဏာများ မပျောက်ပျက်စေရန် ဆောင်ရွက်ရမည်။

(စ) ရှေးဟောင်းအဆောက်အအုံ၏ ကြွင်းကျန်သော အစိတ်အပိုင်းများကို ပျက်စီးမှုအနည်းဆုံးဖြစ်အောင် စနစ်တကျဖော်ထုတ်၍ ရရှိသော အုတ်၊ ကျောက် စသည့်ပစ္စည်းများကို မူလနေရာများတွင် ပြန်လည်ရွေးချယ် ထည့်သွင်းအသုံးပြုရမည်။

(ဆ) ရိုးရာနည်းလမ်းများ၊ ခေတ်မီနည်းစနစ်များကို တွဲဖက်ဆောင်ရွက်နိုင်သည်။ မူလလက်ရာကို ထိခိုက်ခြင်းမရှိစေဘဲ အတွင်းပိုင်းတွင်ဖြစ်စေ၊ အပြင်ပိုင်းတွင်ဖြစ်စေ၊ မသိသာ မထင်ရှားသော အသွင်အပြင်ဖြင့် ဆောင်ရွက်ရမည်။

(ဇ) လုံးဝမကျန်ရှိတော့သည့် နံရံဆေးရေးပန်းချီများ၊ အင်္ဂတေပန်းများနှင့် ဗိသုကာလက်ရာ အစိတ်အပိုင်းများကို စိတ်ကူးဖြင့် မှန်းဆ၍ ဖြည့်စွက်ခြင်းကို ရှောင်ကြဉ်ရမည်။

(ဈ) ထုံးသုတ်ခြင်း၊ ရွှေဆေးသုတ်ခြင်း၊ ရေဆေး၊ ဆီဆေးသုတ်ခြင်းနှင့် အသစ်အချောကိုင်ခြင်းတို့ကို ရှောင်ကြဉ်ရမည်။

(ည) အလွယ်တကူဖြုတ်ယူနိုင်သော အနုလက်ရာပစ္စည်းများကို စနစ်တကျ ကာကွယ်ထိန်းသိမ်းရမည်။ လိုအပ်ပါက မှတ်တမ်းတင်၍ ဖြုတ်ယူသိမ်းဆည်းပြီး ပြတိုက်များတွင် ထိန်းသိမ်းပြသရမည်။

(ဋ) ထူးခြားကောင်းမွန်သော အင်္ဂတေပန်းလက်ရာများ၊ နံရံပန်းချီ စသည့်တို့ကို လူနှင့်တိရစ္ဆာန်များ အလွယ်တကူ ထိတွေ့ကိုင်တွယ်ခြင်းမှ ကာကွယ်နိုင်ရန် သံပန်း၊ သံစကာ စသည့် အရံအတားများ ပြုလုပ်ထားရမည်။

(ဌ) ရှေးဟောင်းအဆောက်အအုံ၏ ပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် အမြဲစစ်ဆေး ဆောင်ရွက်ရမည်။

(ဍ) ရှေးဟောင်းအဆောက်အအုံ၏ ရေရှည်တည်တံ့မှုအတွက် မိုးကြိုးလွှဲတပ်ဆင်ခြင်းနှင့် မီးဘေး၊ ရေဘေးနှင့် လေဘေးကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေး အစီအမံများကို ရှေးဟောင်းအဆောက်အအုံအား ထိခိုက်မှုနှင့် မြင်ကွင်းထိခိုက်မှုမရှိသော နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၃)
## ပညာရှင်အဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၅။ ဝန်ကြီးဌာနသည် -

(က) ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ အငြင်းပွားမှုပေါ်ပေါက်လျှင် အဆုံးအဖြတ်ပေးနိုင်ရန် ရှေးဟောင်းအဆောက်အအုံ ကျွမ်းကျင်သူများနှင့် သမာသမတ်ရှိ၍ သင့်လျော်သော ပုဂ္ဂိုလ်ငါးဦးပါဝင်စေလျက် ပညာရှင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပညာရှင်အဖွဲ့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသော ပညာရှင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၆။ ပညာရှင်အဖွဲ့သည် -

(က) ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ အငြင်းပွားမှုကို များရာဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးရမည်။

(ခ) ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ အငြင်းပွားမှုအပေါ် အဆုံးအဖြတ်ပေးရန် တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆုံးအဖြတ်ပေးရမည်။

(ဂ) အငြင်းပွားမှုအတွက် ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံ အကြောင်းကြားရမည်။ ယင်းဆုံးဖြတ်ချက်မိတ္တူကို ဝန်ကြီးဌာနနှင့် ဦးစီးဌာနသို့ ပို့ပေးရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**[ ယခင်အပတ် စက်မှုဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၆ - ၂၀၁၇ မှအဆက် ]**

၇၁။ စစ်ဆေးရေးမှူးသည် -

(က) ဘွိုင်လာကို ရေနွေးငွေ့ဖိအားဖြင့်စမ်းသပ်ရာတွင် ရေနွေးငွေ့ပိုက်ကိုလည်း စမ်းသပ်စစ်ဆေးရမည်။

(ခ) ရေနွေးငွေ့ပိုက်များကို ရေဖိအားဖြင့်စမ်းသပ်သည့် နေ့ရက်နှင့်စမ်းသပ်သည့်ဖိအားတို့ကို အသုံးပြုခွင့် လက်မှတ်ပုံစံ (၄) တွင် ဖြည့်သွင်းရေးသားရမည်။

၇၂။ စစ်ဆေးရေးမှူးသည် ဘွိုင်လာဆန့်အားခံအစိတ်အပိုင်း (tension parts) များကို ပြုပြင်ရန်လိုအပ် ကြောင်း တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အက်ကြောင်းများပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါက အက်ကြောင်းအရှည် ၂၀၀ မီလီမီတာထက်ပိုလျှင် အက်ကြောင်းဂဟေဆက်ကို ဓာတ်မှန်ရိုက်စစ်ဆေးခြင်း၊ အပူပေးဒဏ်ကြေဖြေခြင်းများ ပြုလုပ် ရမည်။ အက်ကြောင်းသည် ဆက်ကြောင်းအလျားနှင့် ယှဉ်ပြိုင်ဖြစ်ပေါ်နေလျှင် ယင်းတို့၏ အကွာ အဝေးသည် အနည်းဆုံး ၂၀၀ မီလီမီတာ ကွာဝေးမှသာ ဂဟေဆက်၍ ပြုပြင်ခွင့်ပေးရမည်။

(ခ) ချုပ်တန်း၊ ချုပ်ပြားနှင့် စတေးများတွင် ဂဟေဖို့တင်ခြင်း သို့မဟုတ် ဂဟေဖြင့်ဆက်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

(ဂ) အစားထိုးပြုပြင်မည့် ဘွိုင်လာသံပြားသည် သံသားအကြောအလျားလိုက် (along the grain) အတိုင်း ဖြစ်စေရမည်။

(ဃ) ဘွိုင်လာသံပြားအစားထိုးပြုပြင်ရာတွင် အစားထိုးမည့် ဆက်ကြောင်းများ၏ စွမ်းရည်သည် မူလဆက်ကြောင်း စွမ်းရည်အောက်မလျော့စေရန် အစားထိုးပြုပြင်မည့် သံပြားအထူသည် မူလသံပြားအထူအောက်မလျော့စေရန်၊ မူလသံပြားအထူထက် သုံးမီလီမီတာထက် မပိုစေရန် ဂရုပြုရမည်။

၇၃။ စစ်ဆေးရေးမှူးသည် ဖိသိပ်အားခံအစိတ်အပိုင်း (compression parts) များကို ပြုပြင်ရန်လိုအပ် ကြောင်း တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စတေးများဖြင့် ထိန်းချုပ်ထားသော ဖိသိပ်အားခံအစိတ်အပိုင်းများကို ပြုပြင်ရာတွင် စတေးပေါက် များမှ ဖြာထွက်သော ကွဲကြောင်းများမှတစ်ပါး ဂဟေဆက်နည်းကို အသုံးပြုစေနိုင်သည်။

(ခ) စတေးများဖြင့် ထိန်းချုပ်ထားသော ဖိသိပ်အားခံအစိတ်အပိုင်းများကို ဂဟေဆက်၍ ပြုပြင်ရာတွင် အဝန်းလိုက်ဆက်ကြောင်းကို မျက်နှာပြင်နှစ်ဖက်စလုံးမှ ဂဟေဆက်နည်းကို အသုံးပြုစေရမည်။

၇၄။ စစ်ဆေးရေးမှူးသည် ဘွိုင်လာ၏ ဆန့်အားခံအစိတ်အပိုင်းများနှင့် ဖိသိပ်အားခံအစိတ်အပိုင်းများကို ဂဟေဖို့၍ ပြုပြင်ရန်လိုအပ်ကြောင်း တွေ့ရှိရပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆန့်အားခံနှင့် ဖိသိပ်အားခံအစိတ်အပိုင်းများတွင် ကွဲကြောင်းများပြုပြင်ရာ၌ ပြုပြင်ခြင်းမပြုလုပ်မီ ကွဲကြောင်းဖြစ်ပေါ်ရခြင်းအကြောင်းရင်းကို သေချာစွာစိစစ်၍ ဂဟေဆက်ပြီး ပြုပြင်ခြင်းဖြင့် ကွဲကြောင်းထပ်မံပေါ်ပေါက်နိုင်သည့် အခြေအနေများကို တွေ့ရှိရလျှင် ဖြတ်တောက်၍ ဘွိုင်လာ သံပြားအစားထိုး ပြုပြင်စေရမည်။

(ခ) သံချေးကွက်စားမှုများကြောင့် လက်ကျန်သံပြားအထူသည် မူလသံပြားအထူ၏ ထက်ဝက်အောက် လျော့လျှင် ဂဟေဖို့၍ ပြုပြင်ခွင့်မပေးရ။ ယင်းအစိတ်အပိုင်းအတွက် ခွင့်ပြုဖိအား တွက်ချက်ရာတွင် ဂဟေမဖို့မီ လက်ကျန်သံပြားအထူကိုသာ အခြေပြု၍ တွက်ချက်ရမည်။

၇၅။ စစ်ဆေးရေးမှူးသည် ဘွိုင်လာအပူရှိန်လွန်ကဲခြင်းကြောင့် စူဖောင်းမှုဖြစ်ပေါ်ပါက ယင်းစူဖောင်းမှု၏ အခြေအနေ၊ သံပြား မီးနာမှု ရှိ မရှိနှင့် တည်ဆောက်ပုံ အနေအထားတို့အပေါ် မူတည်၍ လိုအပ်သလို ပြုပြင်ရန် ပိုင်ရှင်အား ညွှန်ကြားရမည်။

၇၆။ စစ်ဆေးရေးမှူးသည် ဘွိုင်လာ၏အရွယ်အစားကို မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် တွက်ချက်၍ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

၇၇။ စစ်ဆေးရေးမှူးသည် ကျွတ်ပါသည့် ရှဲလ်ဘွိုင်လာအမျိုးအစား၊ လိုကိုဘွိုင်လာ၊ အလျားကျွတ်ဘွိုင်လာ (Horizontal Tubular) ဒေါင်လိုက်ကျွတ်ဘွိုင်လာ (Vertical Tubular)၊ ဒေါင်လိုက်ကန့်လန့်ကျွတ်ဘွိုင်လာ (Vertical Cross Tube) များ၏ မီးရှိန်ရမျက်နှာပြင်ဧရိယာ တွက်ချက်ရာတွင် အောက်ပါဧရိယာများ ပါဝင်ရမည်-

(က) ရှဲလ်၏ရေမီးထိမျက်နှာပြင်၊

(ခ) ထိပ်ပိတ်ပြားများ၏ ရေမီးထိမျက်နှာပြင်၊

(ဂ) ဖလူးများ၊

(ဃ) မီးလောင်ခန်းများ (combustion chambers)၊

(င) မီးသေတ္တာများ၊

(စ) ကျွတ်ပြားများ (tube plates)၊

(ဆ) ကန့်လန့်ကျွတ်များ (cross tubes)၊

(ဇ) ကျွတ်များ။

၇၈။ စစ်ဆေးရေးမှူးသည် ၂၄ ကီလိုဝပ်နှင့်အထက် လျှပ်စစ်ဘွိုင်လာအား မီးရှိန်ရမျက်နှာပြင် ဧရိယာ တွက်ချက်ရာတွင် တစ်ကီလိုဝပ်=၁.၆ ကီလိုဂရမ်/နာရီကို အခြေပြု၍ တွက်ချက်ရမည်။

မှတ်ချက်။ (၁) ယင်းသို့ တွက်ချက်ရာတွင် မီးထိုးပေါက်၊ ကျွတ်ပြားရှိ ကျွတ်ပေါက်များ၊ ဖလူးပေါက်၊ ဖလူးရှိ ကန့်လန့်ကျွတ်ပေါက်များနှင့် မီးခိုးသေတ္တာ ကျွတ်ပြား (smoke box tube plate) ၏ ဧရိယာတို့ မပါဝင်စေရ၊

(၂) အထက်ပါအတိုင်း တွက်ချက်ရရှိသည့် မီးရှိန်ရမျက်နှာပြင်ဧရိယာကို အန္တရာယ်ကင်းဖိအား ထိန်းအဆို့ရှင်၏ ရေနွေးငွေ့ထုတ်ပေါက်ဧရိယာ တွက်ချက်ရာတွင် လိုအပ်ပါက မှီငြမ်း နိုင်သည်။

၇၉။ ဘွိုင်လာမှတ်ပုံတင်စစ်ဆေးခကို သတ်မှတ်ချက်ရရှိပြီးသော မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် စစ်ဆေး ရေးမှူးသည် အောက်ပါအတိုင်း စည်းကြပ်ကောက်ခံရမည် -

| | | **စတုရန်းမီတာ** | **မှတ်ပုံတင်ကြေး (ကျပ်)** |
|---|---|---|---|
| (က) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၅ အထိ | ၃၀၀၀၀ |
| (ခ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၅ အထက်မှ ၁၀ အထိ | ၄၀၀၀၀ |
| (ဂ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၁၀ အထက်မှ ၃၀ အထိ | ၅၀၀၀၀ |
| (ဃ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၃၀ အထက်မှ ၅၀ အထိ | ၆၀၀၀၀ |
| (င) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၅၀ အထက်မှ ၇၀ အထိ | ၇၀၀၀၀ |
| (စ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၇၀ အထက်မှ ၉၀ အထိ | ၈၀၀၀၀ |
| (ဆ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၉၀ အထက်မှ ၁၁၀ အထိ | ၁၀၀၀၀၀ |
| (ဇ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၁၁၀ အထက်မှ ၂၀၀ အထိ | ၁၂၀၀၀၀ |
| (ဈ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၂၀၀ အထက် | ၁၅၀၀၀၀ |

မှတ်ချက်။ (၁) ဘွိုင်လာထုတ်လုပ်မှု အဆင့်ဆင့်တွင် စစ်ဆေးခြင်းများအတွက် စုစုပေါင်းစစ်ဆေးခကို မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် မှတ်ပုံတင်ရန်စစ်ဆေးခ၏ သုံးဆကောက်ခံရမည်။

(၂) နည်းပညာအကူအညီ ပိုင်ဆိုင်ရာနှင့်စပ်လျဉ်း၍ သွားရောက်စစ်ဆေးခြင်းများ မပါဝင်။

၈၀။ ဘွိုင်လာ နှစ်စဉ်စစ်ဆေးခကို သတ်မှတ်ချက်ရရှိပြီးသော မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် စစ်ဆေးရေးမှူးသည် အောက်ပါအတိုင်း စည်းကြပ်ကောက်ခံရမည် -

| | | စတုရန်းမီတာ | နှစ်စဉ်စစ်ဆေးခ (ကျပ်) |
|---|---|---|---|
| (က) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၅ အထိ | ၂၀၀၀၀ |
| (ခ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၅ အထက်မှ ၁၀ အထိ | ၃၀၀၀၀ |
| (ဂ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၁၀ အထက်မှ ၃၀ အထိ | ၄၀၀၀၀ |
| (ဃ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၃၀ အထက်မှ ၅၀ အထိ | ၅၀၀၀၀ |
| (င) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၅၀ အထက်မှ ၇၀ အထိ | ၆၀၀၀၀ |
| (စ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၇၀ အထက်မှ ၉၀ အထိ | ၇၀၀၀၀ |
| (ဆ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၉၀ အထက်မှ ၁၁၀ အထိ | ၈၀၀၀၀ |
| (ဇ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၁၁၀ အထက်မှ ၂၀၀ အထိ | ၁၀၀၀၀၀ |
| (ဈ) | မီးရှိန်ရမျက်နှာပြင်ဧရိယာ | ၂၀၀ အထက် | ၁၅၀၀၀၀ |

မှတ်ချက်။ ပြုပြင်ပြီးစစ်ဆေးခြင်းနှင့် ရေနွေးငွေ့ဖိအားဖြင့် စမ်းသပ်စစ်ဆေးသည့် အကြိမ်တိုင်းအတွက် အထက်ဖော်ပြပါအတိုင်း စစ်ဆေးခငွေကို ထပ်မံပေးသွင်းစေရမည်။ သို့ရာတွင် အသုံးပြုစဉ်စစ်ဆေးခြင်း၊ ပြုပြင်စဉ် စစ်ဆေးခြင်းနှင့် ဘွိုင်လာဘေးအန္တရာယ် ကင်းရှင်းရေးအတွက်လိုအပ်၍ သွားရောက်စစ်ဆေးခြင်းများ မပါဝင်။

## အခန်း (၁၀)
## မတော်တဆထိခိုက်မှုဖြစ်ပွားခြင်းကို အရေးယူဆောင်ရွက်ရန် နည်းလမ်းများ

၈၁။ စစ်ဆေးရေးမှူးသည် မတော်တဆထိခိုက်မှုဖြစ်ပွားကြောင်း ပိုင်ရှင် သို့မဟုတ် ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းသူထံမှ အကြောင်းကြားလျှင် သို့မဟုတ် တစ်နည်းနည်းဖြင့် သိရှိလျှင် ဖြစ်ပွားသည့်နေရာသို့ အမြန်ဆုံးသွားရောက် စစ်ဆေးရမည်။

၈၂။ စစ်ဆေးရေးမှူးသည် မတော်တဆထိခိုက်မှုကို စစ်ဆေးရာတွင် အောက်ပါတို့ကို ကနဦးစစ်ဆေးပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေးမှူးမှတစ်ဆင့် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်-

(က) ဖြစ်ပွားသည့်နေ့ရက်နှင့် အချိန်နာရီ၊

(ခ) ဖြစ်ပွားသည့်ဘွိုင်လာမှတ်ပုံတင်အမှတ်နှင့်နေရာ၊

(ဂ) ဖြစ်ပွားရသည့် အကြောင်းရင်း၊

(ဃ) လူနှင့်ပစ္စည်းထိခိုက်မှု အခြေအနေ၊

(င) ဘွိုင်လာထိခိုက်ပျက်စီးမှု အခြေအနေ၊

(စ) ဖြစ်ပွားကြောင်း သတင်းလက်ခံရရှိသည့်နေ့ရက်နှင့် အချိန်နာရီ၊

(ဆ) လတ်တလော အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေ။

၈၃။ စစ်ဆေးရေးမှူးချုပ်သည် စစ်ဆေးရေးမှူး၏ ကနဦးစစ်ဆေးချက် အစီရင်ခံစာကို စိစစ်ပြီး အသေးစိတ်စစ်ဆေးတင်ပြရန် အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိသည် -

(က) မတော်တဆထိခိုက်မှု ပမာဏပြင်းထန်ခြင်းမရှိဟု ယူဆပါက သက်ဆိုင်ရာနယ်မြေ စစ်ဆေးရေးမှူးအား တာဝန်ပေး စစ်ဆေးစေနိုင်သည်။

(ခ) မတော်တဆထိခိုက်မှုပမာဏပြင်းထန်သည်ဟု ယူဆပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေးမှူးကို တာဝန်ပေးစစ်ဆေးစေနိုင်သည်။ လိုအပ်ပါက ကိုယ်တိုင်စစ်ဆေးနိုင်သည်။

၈၄။　ပိုင်ရှင်သည် မတော်တဆထိခိုက်မှု ဖြစ်ပွားလျှင် ဘွိုင်လာအသုံးပြုခြင်းကို ရပ်ဆိုင်းထားပြီး သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ အမြန်ဆုံးအကြောင်းကြားရမည်။

၈၅။　မတော်တဆထိခိုက်မှုကို စုံစမ်းစစ်ဆေးရာတွင် စစ်ဆေးသူသည် အောက်ပါတို့ကို စစ်ဆေးပြီး တွေ့ရှိချက်အစီရင်ခံစာကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည် -

(က) ဘွိုင်လာ၏ ထိခိုက်ပျက်စီးသော အစိတ်အပိုင်းများအားလုံးကို တိုင်းတာစစ်ဆေးမှတ်တမ်းတင်ခြင်း၊

(ခ) ဘွိုင်လာကိုဖြစ်စေ၊ ဘွိုင်လာတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲလှယ်ရန် လိုအပ်ခြင်း ရှိ မရှိကို စစ်ဆေးခြင်း၊

(ဂ) ဘွိုင်လာသည် လတ်တလောပြန်လည် အသုံးပြုနိုင်ခြင်း ရှိ မရှိကို စစ်ဆေးခြင်း၊

(ဃ) စစ်ဆေးရေးမှူးချုပ်က ညွှန်ကြားသော အခြားအချက်အလက်များကို စစ်ဆေးခြင်း။

၈၆။　မတော်တဆထိခိုက်မှုကို စစ်ဆေးသူသည် စစ်ဆေးတွေ့ရှိချက်အရ -

(က) ဘွိုင်လာမှာ လတ်တလောပြန်လည်အသုံးပြုနိုင်သော အခြေအနေရှိလျှင် ယာယီအသုံးပြုခွင့်လက်မှတ်ပုံစံ (၃) ကို ထုတ်ပေးနိုင်သည်။ ယင်းသို့ ထုတ်ပေးပါက ယာယီအသုံးပြုခွင့်လက်မှတ်ထုတ်ပေးထားကြောင်း စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲလှယ်ခြင်းပြုလုပ်ရန် လိုအပ်ကြောင်း တွေ့ရှိပါက ဘွိုင်လာအားပြုပြင်ရန် ပိုင်ရှင်ကို အကြောင်းကြားရမည်။

၈၇။　ပိုင်ရှင်သည် မတော်တဆထိခိုက်မှု ဖြစ်ပွားပြီးသော ဘွိုင်လာအား စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၁)

## အယူခံခြင်း

### အယူခံခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် နည်းလမ်းများ

၈၈။　ဝန်ကြီးဌာနသည် အယူခံမှုများ ကြားနာနိုင်ရေးအတွက် စက်မှုအတတ်ပညာရှင် အနည်းဆုံးနှစ်ဦး၊ သင့်လျော်သောပုဂ္ဂိုလ်သုံးဦး ပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်းထားရမည်။

၈၉။　စစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံအဖွဲ့သို့ အောက်ပါအချက်အလက်များ ဖော်ပြ၍ အယူခံနိုင်သည်-

(က) အယူခံသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊

(ခ) ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော အယူခံလျှောက်လွှာ၊

(ဂ) အယူခံရသည့် အကြောင်းပြချက်နှင့် သက်သေခံ အထောက်အထားများ၊

(ဃ) အယူခံသည့် ဘွိုင်လာနှင့် သက်ဆိုင်သော အချက်အလက်များ၊

(င) စစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်မိတ္တူမှန်။

၉၀။　အယူခံအဖွဲ့သည် အယူခံလွှာကို လက်ခံရရှိလျှင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးစစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၉၁။ ပိုင်ရှင်သည် စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက် သို့မဟုတ် ငြင်းပယ်ကြောင်း တင်ပြချက်တပ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မကျေနပ်ပါက စစ်ဆေးရေးမှူးထံမှ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ တွင်း အောက်ပါအချက်အလက်များ ဖော်ပြ၍ စစ်ဆေးရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည် -

(က) လျှောက်ထားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊

(ခ) ပိုင်ရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော လျှောက်လွှာ၊

(ဂ) လျှောက်ထားရသည့် အကြောင်းရင်းနှင့် သက်သေခံအထောက်အထားများ၊

(ဃ) ဘွိုင်လာနှင့်သက်ဆိုင်သည့် အချက်အလက်များ၊

(င) စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက် သို့မဟုတ် ငြင်းပယ်ကြောင်းအကြောင်းကြားစာ မိတ္တူမှန်။

၉၂။ စစ်ဆေးရေးမှူးချုပ်သည် အပိုဒ် ၉၁ အရ လျှောက်လွှာလက်ခံရရှိလျှင် မိမိကိုယ်တိုင်လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက် သို့မဟုတ် ငြင်းပယ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၉၃။ အယူခံအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးချုပ်သည် မိမိ၏ဆုံးဖြတ်ချက်ကို အယူခံသူ သို့မဟုတ် ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

## အခန်း (၁၂)

## အထွေထွေ

၉၄။ စစ်ဆေးရေးမှူးသည် မိမိတာဝန်ခံသည့် နယ်မြေအတွင်း၌ အသုံးပြုခွင့်လက်မှတ်မရှိဘဲ ဘွိုင်လာကို အသုံးပြုခြင်း၊ ဘွိုင်လာပြုပြင်သူ လက်မှတ်မရှိဘဲ ပြုပြင်ခြင်း၊ ဘွိုင်လာ ကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်မရှိဘဲ ကိုင်တွယ်ထိန်းသိမ်းခြင်းများ စုံစမ်းတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည့်ပြင် စစ်ဆေးရေးမှူးချုပ်ထံသို့လည်း အစီရင်ခံရမည်။

၉၅။ စစ်ဆေးရေးမှူးသည် ဘွိုင်လာအသုံးပြုခွင့်လက်မှတ်၊ ဘွိုင်လာပြုပြင်သူလက်မှတ်နှင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်တို့ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးပြီး စည်းကမ်းဖောက်ဖျက်မှု တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

၉၆။ စစ်ဆေးရေးမှူးသည် ဘွိုင်လာကို စစ်ဆေးသည့်အခါ ပိုင်ရှင်နှင့် ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူများအား သတ်မှတ်ချက်နှင့်အညီ လိုက်နာအသုံးပြုရန်နှင့် ဘွိုင်လာတွင် အသုံးပြုသည့် ရေအမျိုးအစားအလိုက် မည်သည့်အချိန်တွင် ဆေးကြောသင့်ကြောင်း ညွှန်ကြားရမည်။

၉၇။ စစ်ဆေးရေးမှူးသည် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုနိုင်ရန် လိုအပ်သလို ဆောင်ရွက်ရမည်။

၉၈။ စစ်ဆေးရေးမှူးသည် ဥပဒေအရ တရားရုံးတွင် တရားစွဲဆိုမှုများနှင့် ပတ်သက်သည့် မှတ်တမ်းထားရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေးမှူးမှတစ်ဆင့် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပုံစံ (၁)

**ဘွိုင်လာကိုမှတ်ပုံတင်၍အသုံးပြုခွင့်လက်မှတ်ထုတ်ပေးရန်လျှောက်လွှာ**
(လုပ်ထုံးလုပ်နည်းအပိုဒ် ၃)

သို့
ဘွိုင်လာစစ်ဆေးရေးမှူး
------------- ပြည်နယ်/တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ရက်စွဲ၊ ၂၀    ခုနှစ်၊    လ    ရက်

အကြောင်းအရာ။ **ဘွိုင်လာအသစ်ကို မှတ်ပုံတင်၍ အသုံးပြုခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားခြင်း။**

------------------- ပြည်နယ်/တိုင်းဒေသကြီး၊ ------------------------------------- မြို့နယ်၊ ------------------- စက်မှုဇုန်၊ --------------------- ရပ်ကွက်/ကျေးရွာ၊ --------------------လမ်း၊ အမှတ် (    ) ရှိ ------------------------------------၏ ---------------------------------------- ----------------- လုပ်ငန်း/စက်ရုံမှ ဘွိုင်လာအသစ် (    ) လုံးအား မှတ်ပုံတင်စစ်ဆေးပေးပါရန် လျှောက်ထားအပ်ပါသည် -

**ဘွိုင်လာနှင့်ပတ်သက်သောအချက်များ**

၁။ ဘွိုင်လာတည်ရှိမှုအခြေအနေ ------------------------------------------------------
လူနေရပ်ကွက်/ကျေးရွာ/မြို့နယ်/စက်မှုဇုန်/အထူးစီးပွားရေးဇုန်

၂။ ဘွိုင်လာအမျိုးအစား ---------------------------------------------------------------

၃။ ထုတ်လုပ်သည့်နိုင်ငံ ----------------------------------------------------------------

၄။ ရေနွေးငွေ့ထုတ်လုပ်နိုင်မှုပမာဏ ------------------------------------------------------

၅။ ဘွိုင်လာတင်သွင်းသူ/ကုမ္ပဏီအမည် ---------------------------------------------------

၆။ ဘွိုင်လာနှင့်ပတ်သက်သည့် သက်သေခံလက်မှတ်/ရေးဆွဲပုံများ ---------------------------
---------------------------------------------------------------------------------------
---------------------------------------------------------------------------------------

၇။ အသုံးပြုမည့်လောင်စာ -------------------------------------------------------------

၈။ မီးခိုးသွားလမ်းနှင့်ခေါင်းတိုင်အခြေအနေ -------------------------------------------------
---------------------------------------------------------------------------------------

၉။ အသုံးပြုမည့်ရေအမျိုးအစားနှင့်ရေသန့်စင်မှုစနစ် -----------------------------------------
---------------------------------------------------------------------------------------

လျှောက်ထားသူ

----------------------------
----------------------------
----------------------------

ပုံစံ (၂)

**ဘွိုင်လာကြည့်ရှုစစ်ဆေးရန် အကြောင်းကြားစာ**

[ (လုပ်ထုံးလုပ်နည်းအပိုဒ် ၆ အပိုဒ်ခွဲ (ခ) ]

စာအမှတ်၊ .............................................

ရက်စွဲ၊ ၂၀ ......... ခုနှစ်၊ ......... လ ( ) ရက်

သို့

.....................................................

.....................................................

.....................................................

အကြောင်းအရာ။ **ဘွိုင်လာကြည့်ရှုစစ်ဆေးရန် အကြောင်းကြားခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ဘွိုင်လာအား ကြည့်ရှုစစ်ဆေးရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြောင်းကြားပါသည်-

ဘွိုင်လာမှတ်ပုံတင်အမှတ်

| မ. စ |
|---|
| |

ဘွိုင်လာအမျိုးအစား -----------------------------

မီးရှိန်ရမျက်နှာပြင်ဧရိယာ -------------------------

စစ်ဆေးခလည်းကြိပ်ငွေ ---------------------------

ပေးသွင်းရမည့်ဘဏ် -----------------------------

MD အမှတ် -------------------------------------

၁။ ဘွိုင်လာစစ်ဆေးရန်သတ်မှတ်သည့်နေ့ ၂၀------- ခုနှစ်၊ -------------- လ၊ ----------- ရက်။

၂။ ဘွိုင်လာစစ်ဆေးသည့်အခါ ပြင်ဆင်ထားရမည့်နည်းလမ်းများ

(က) ဘွိုင်လာဖွင့်ပြစစ်ဆေးခြင်း

(ခ) ရေဖိအားဖြင့်စမ်းသပ်စစ်ဆေးခြင်း

(ဂ) ရေနွေးငွေ့ဖိအားဖြင့် စမ်းသပ်စစ်ဆေးခြင်း

* (ပြင်ဆင်ထားရမည့်နည်းလမ်းကို ကျောဘက်တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရန်)

၃။ ဘွိုင်လာကို ကြည့်ရှုစစ်ဆေးရန်အတွက် ပိုင်ရှင်က ဆောင်ရွက်ရမည့်တာဝန်များ

(က) ဘွိုင်လာစစ်ဆေးရာတွင် လိုအပ်သည့်အထောက်အကူများကို တာဝန်ယူဆောင်ရွက်ထားရှိရန် နှင့် စစ်ဆေးရေးမှူးက ဘွိုင်လာနှင့်ပတ်သက်၍ သိလိုသောအချက်များကို ဖြေကြားပေးရမည်။ ယခင်ထုတ်ပေးထားသော အသုံးပြုခွင့်လက်မှတ်၊ ယာယီအသုံးပြုခွင့်လက်မှတ်ကိုလည်း တင်ပြရမည်။

(ခ) သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စစ်ဆေးနိုင်ရန် ဘွိုင်လာကိုပြင်ဆင်ထားရမည်။

ဘွိုင်လာစစ်ဆေးရေးမှူး

----------------- ပြည်နယ်/တိုင်းဒေသကြီး

## ဘွိုင်လာစစ်ဆေးသည့်အခါ ပြင်ဆင်ထားရမည့်နည်းလမ်းများ

**၁။ ဘွိုင်လာဖွင့်ပြစစ်ဆေးခြင်း**

ဘွိုင်လာအားစစ်ဆေးနိုင်ရန် ပိုင်ရှင်သည် အောက်ဖော်ပြအတိုင်း ပြင်ဆင်ထားရမည် -

(က) ဘွိုင်လာကို သဘာဝအလျောက်အအေးခံပြီးမှသာ ဘွိုင်လာအတွင်းရှိ ရေးများထုတ်ပစ်၍ ဘွိုင်လာအတွင်းအပြင် မျက်နှာပြင်အားလုံးကို စင်ကြယ်စွာ ဆေးကြောထားရမည်။

(ခ) ဘွိုင်လာတွင် တပ်ဆင်ထားရှိသည့် တံခါးများအားလုံး မီးဖိုအတွင်းရှိ မီးကြမ်းများ၊ မီးဖိုပိတ်သံပြားများ၊ ဘန်နာနှင့်ဆက်စပ်သည့် မီးထိုးကိရိယာများအား ဖြုတ်ထားရမည်။

(ဂ) ဖိအားပြနာရီအား စစ်ဆေးနိုင်ရန် အသင့်ဖြုတ်ထားရမည်။ ဘွိုင်လာတပ်ဆင်ပစ္စည်းများကိုလည်း အစိတ်အပိုင်းတစ်ခုစီဖြုတ်ပြီး ပွတ်တိုက်ခြင်း၊ ကရိုင်းခြင်းများ ပြုလုပ်ပြသထားရမည်။

(ဃ) ဘွိုင်လာလက်ဂင်၊ သရွတ်အုတ်၊ အင်္ဂတေ သို့မဟုတ် ဘွိုင်လာကိုယ်ထည်ကို ဖုံးအုပ်ထားသည့် အရာဝတ္ထုများနှင့် သံသား၏ အခြေအနေကို သိရှိရန်လိုအပ်လာပါက ညွှန်ကြားချက်အတိုင်း ခွာလှုပ်ပေးရမည်။

(င) စစ်ဆေးရေးမှူးက ဘွိုင်လာသံပြားများကို အထူတိုင်းစစ်ဆေးနိုင်ရန် လိုအပ်သည့် ပစ္စည်းကိရိယာများ အဆင်သင့်ထားရှိရမည်။

(စ) စစ်ဆေးခံရမည့် ဘွိုင်လာသည် အခြားဘွိုင်လာတစ်ခုခုနှင့် ရေနွေးငွေ့သွားလမ်း၊ ရေပူသွားလမ်းများ ဆက်သွယ်ထားပါက -

(၁) ဆက်သွယ်ပိုင်များမှ ရေနွေးငွေ့များ၊ ရေပူများ မဝင်နိုင်စေရန် သက်ဆိုင်သည့် ပင်မဗားများကို ဖြုတ်ထားရမည့်အပြင် ရေနွေးငွေ့၊ ရေပူလာမည့်ဘက်မှ ပိုက်ကို လုံခြုံစွာ ပိတ်ထားရမည်၊ သို့မဟုတ်

(၂) ဗားများနှင့် ပိုက်လိုင်းဆက် ဖလန်းနှစ်ခုအကြားတွင် အထူ ၉ မီလီမီတာ အောက်မပါးသော သံပြားအပိတ်တစ်ခုနှင့် ခိုင်ခံ့စွာညှပ်၍ ပိတ်ထားရမည်။

**၂။ ရေဖိအားဖြင့်စမ်းသပ်စစ်ဆေးခြင်း**

ဘွိုင်လာကို ရေဖိအားဖြင့် စမ်းသပ်စစ်ဆေးနိုင်ရန် ပိုင်ရှင်သည် အောက်ဖော်ပြပါအတိုင်း ကြိုတင်ပြင်ဆင်ထားရမည် -

(က) ဘွိုင်လာပေါ်ရှိတပ်ဆင်ပစ္စည်းများ ထိုင်သည့်အပေါက်များကို သံပြားဖြင့်ပိတ်ပေးရမည်၊ (၎င်းပိတ်ထားသောအပေါက်ပေါ်တွင် ဘွိုင်လာတပ်ဆင်ပစ္စည်းများ တပ်မထားရ)

(ခ) ဘွိုင်လာကိုရေအပြည့်ဖြည့်၍ အလုံပိတ်ထားရမည်။

(၁) ရေဖြည့်ရာတွင် လေခိုအောင်းမှုမရှိစေရ။

(၂) အန္တရာယ်ကင်း ဖိအားထိန်းအဆို့ရှင်ကိုဖြုတ်၍ အထိုင်ပေါက်ကို အထူ ၉ မီလီမီတာအောက်မပါးသော သံပြားအပိတ်တစ်ခုနှင့် ခိုင်ခံ့စွာ ပိတ်ထားရမည်။

(၃) ရေ လုံ/မလုံ သိရှိနိုင်ရန် ခွင့်ပြုဖိအားထက် မကျော်လွန်သော ရေဖိအားဖြင့် ကြိုတင်စမ်းသပ်ထားရမည်။

(ဂ) ဘွိုင်လာလက်ဂင်၊ သရွက်အုတ်၊ အင်္ဂတေ သို့မဟုတ် ဘွိုင်လာကိုယ်ထည်ကို ဖုံးအုပ်ထားသည့် အရာဝတ္ထုများလိုအပ်ပါက ခွာလှုပ်ပေးရမည်။

**၃။ ရေနွေးငွေ့ဖိအားဖြင့် စမ်းသပ်စစ်ဆေးခြင်း**

ဘွိုင်လာနှင့် ရေနွေးငွေ့ပိုက်တို့ကို ရေနွေးငွေ့ဖိအားဖြင့်စမ်းသပ်နိုင်ရန် ပိုင်ရှင်သည် အောက်ပါအတိုင်း ကြိုတင်ပြင်ဆင်ထားရမည် -

(က) ဘွိုင်လာတည်ရှိရာအဆောက်အဦအတွင်းနှင့် ဘွိုင်လာအနီးပတ်ဝန်းကျင်တွင် ရေနွေးငွေ့ဖိအားဖြင့် စမ်းသပ်ရာ၌ အဟန့်အတားဖြစ်စေမည့် ပစ္စည်းကိရိယာများ ဖယ်ရှားထားရမည်။

(ခ) ဘွိုင်လာကိုရေနွေးငွေ့ဖိအားဖြင့် စမ်းသပ်စစ်ဆေးချိန်တွင် ဘေးအန္တရာယ်ရှိနိုင်ခြင်းကြောင့် တာဝန်ရှိသူများမှအပ မည်သူ့ကိုမျှ မဝင်စေရန် ပိုင်ရှင်က တာဝန်ယူရမည်။

(ဂ) ဘွိုင်လာတပ်ဆင်ပစ္စည်းများကို စမ်းသပ်စစ်ဆေးနိုင်ရန် လိုအပ်သည့် ပစ္စည်းကိရိယာများ အသင့်ပြင်ဆင်ထားရမည်။

(ဃ) ဘွိုင်လာမီးထိုးစမ်းသပ်ရန် လိုအပ်သည့်လောင်စာ လုံလောက်စွာထားရှိရမည်။

(င) ဘွိုင်လာမီးထိုးအသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ၊ ဘာနာ (burner) နှင့် မီးဖိုတို့ကို အသုံးပြုနိုင်သည့် အခြေအနေတွင် ထားရှိရမည်။

(စ) ဘွိုင်လာမှ ရေနွေးငွေ့ပမာဏ လိုအပ်သလို ထုတ်လုပ်နိုင်ရန် ထိန်းချုပ်တပ်ဆင်ပစ္စည်းများ အားလုံး စွမ်းရည်ပြည့် အလုပ်လုပ်နိုင်သည့် အခြေအနေတွင် ထားရှိရမည်။

(ဆ) ဘွိုင်လာတွင်တပ်ဆင်ထားသော အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်အသီးသီးကို သတ်မှတ်သည့် ဖိအားအစဉ်အလိုက် ပွင့်လုဆဲဆဲ ချိန်ထားရမည်။

ပုံစံ (၃)

**ဘွိုင်လာယာယီအသုံးပြုခွင့်လက်မှတ်**

[ လုပ်ထုံးလုပ်နည်း အပိုဒ် ၆ အပိုဒ်ခွဲ (ဆ) ]

စာအမှတ်၊ ............................................

................................................................................................................................
................................................................................................................................
................................................................................................................................
........................................... အား ...................................................................
.............................................................ကုမ္ပဏီ၊ ...................................... နိုင်ငံမှ
ထုတ်လုပ်သည့်ဘွိုင်လာအမှတ် .......................................................................
ပါသော သို့မဟုတ် ဘွိုင်လာမှတ်ပုံတင်အမှတ် မစ ............ ဖြစ်သော ......................................
ဘွိုင်လာကို ခွင့်ပြုဖိအား.......................... ဖြင့်လက်မှတ်ထုတ်ပေးသည့်နေ့မှ (၆) လ အသုံးပြုခွင့်ရှိသည်။ ယင်းကာလအပိုင်းအခြားကျော်လွန်သည့်အခါ ထုတ်ပေးထားသည့် ဤယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်စေရမည်။

ဘွိုင်လာစစ်ဆေးရေးမှူး

ရက်စွဲ။ ............................

မှတ်ချက်။ ။ ဘွိုင်လာဥပဒေ ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းက လိုအပ်၍ တောင်းဆိုသည့်အခါ ဤလက်မှတ်ကို တင်ပြရမည်။

ပုံစံ(၄)

| | | |
|---|---|---|
| | **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**<br>**စက်မှုဝန်ကြီးဌာန**<br>**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**<br>**ဘွိုင်လာအသုံးပြုခွင့်လက်မှတ်** | ဘွိုင်လာဥပဒေ<br>ပုဒ်မ ၃၃၊<br>ပုဒ်မ၃၄ပုဒ်မခွဲ(ခ) |

စာအမှတ်၊ -----------------------------------

ဘွိုင်လာမှတ်ပုံတင်အမှတ်၊ မစ -   ဘွိုင်လာအမျိုးအစား -

မီးရှိန်ရမျက်နှာပြင်ဧရိယာ -   ထုတ်လုပ်သည့်နိုင်ငံနှင့်ခုနှစ် -

ပိုင်ရှင်နှင့်လုပ်ငန်းအမည် -

ဘွိုင်လာတည်နေရာ -

**စစ်ဆေးတွေ့ရှိချက်များ** (ဖိအားခံအစိတ်အပိုင်းများ)

သံပြားအထူအပါး - ရှဲ/ဒရမ် ------------ ထိပ်ပိတ်ပြား ----------- ဖလူး/မီးသေတ္တာ-----------
-

ဘွိုင်လာအခြေအနေ -   အနည်းဆုံးတွက်ချက်ရဖိအား -

ဖိအားပြနာရီချိန်ကိုက်စစ်ဆေးခြင်း -

ပြုပြင်မှုများ -

ရေဖိအား -------------------- ဖြင့် ----------------- နေ့တွင် စစ်ဆေးပြီးဖြစ်သည်။

----------------------အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို --------------- ဖိအားထက်မပိုစေရ။

စစ်ဆေးခငွေကျပ် --------------------ကို --------------------နေ့တွင် ပေးသွင်းသည်။

ခွင့်ပြုဖိအား ----------- ဖြင့် ------------- နေ့မှ ------------- နေ့အထိ အသုံးပြုရန်ခွင့်ပြုသည်။

၂၀ ----- ခုနှစ်၊ ----------------- လ၊ ----------- ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

**ပြည်နယ်/တိုင်းဒေသကြီး**
**ဘွိုင်လာစစ်ဆေးရေးမှူး**

**ဘွိုင်လာစစ်ဆေးရေးမှူး**

**ဘွိုင်လာစစ်ဆေးရေးမှူးချုပ်**

## စည်းကမ်းချက်များ

၁။ ဘွိုင်လာဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)နှင့်အညီ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း အသစ်လဲခြင်းတို့ကို မပြုလုပ်ရ။

၂။ ဘွိုင်လာပေါက်ကွဲမှုများ၊ မတော်တဆထိခိုက်မှုများ မဖြစ်ပွားစေရန်အတွက်-

(က) အသုံးပြုခွင့်လက်မှတ်တွင် ဖော်ပြပါရှိသည့် အများဆုံးခွင့်ပြုဖိအားထက်ကျော်လွန်၍ အသုံးမပြုရ။

(ခ) ဘွိုင်လာသုံးရေအား ထုတ်လုပ်သည့်ကုမ္ပဏီနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်း များနှင့်ညီညွတ်အောင် ပြုပြင်သုံးစွဲရန်။

၃။ စက်ရုံ၊ အလုပ်ရုံအနီးပတ်ဝန်းကျင်တွင်နေထိုင်သော ပြည်သူများအားမထိခိုက်စေရန်အတွက် တာယာ ဟောင်း၊ ပလတ်စတစ်၊ ဖိုက်ဘာစနှင့် ပိတ်ဖြတ်စ စသောလောင်စာများအား မီးထိုးသုံးစွဲခြင်း မပြုရ။

၄။ မီးခိုးမဲများမထွက်ရှိစေရန် အစိုဓာတ်နည်းသော ဘေးထွက်လောင်စာများကိုသုံးစွဲရန်။

၅။ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် လောင်စာများအား စနစ်တကျသိုလှောင်ထားရန်။

၆။ ပတ်ဝန်းကျင်သို့ ပြာနှင့်အမှုန်အမွှားများ လွင့်စင်ကျရောက်မှု မရှိစေရန် ဘွိုင်လာနှင့် ခေါင်းတိုင်အကြား တွင် ပြာဖမ်းစနစ်ထားရှိရန်။

၇။ ဒီဇယ်ဆီ၊ မီးထိုးဆီနှင့် သဘာဝဓါတ်ငွေ့သုံးဘွိုင်လာများတွင် လောင်စာဓါတ်ငွေ့ပေါက်ကွဲမှု မဖြစ်ပွား စေရန် ဂရုပြုဆောင်ရွက်ရန်။

၈။ ဘွိုင်လာရေခမ်းမှု မဖြစ်ပေါ်စေရန်အတွက် ရေချိန်ပြဖန်ချောင်းရေဂိတ်များနှင့် ရေသွင်းစနစ်များအား စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန်။

၉။ ဘွိုင်လာကို ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ် ရရှိသူများကိုသာ တာဝန်ပေးမောင်းနှင်ရန်။

ပုံစံ(၅)

| | | |
|---|---|---|
| | **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**<br>**စက်မှုဝန်ကြီးဌာန**<br>**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**<br>**ဘွိုင်လာပြုပြင်ရန်ညွှန်ကြားစာ** | ဘွိုင်လာဥပဒေ<br>ပုဒ်မ၃၅<br>ပုဒ်မခွဲ(ဂ) |

စာအမှတ်၊ ---------------------------------------

ပိုင်ရှင်နှင့်လုပ်ငန်းအမည် ---------------------------------------------------------------------------------

ဘွိုင်လာတည်နေရာ ---------------------------------------------------------------------------------------

ဘွိုင်လာအမှတ်၊ မစ -------- အမျိုးအစား ------------------ စစ်ဆေးသည့်နေ့ ---------------

| စဉ် | ယိုယွင်းချက်များ | ပြုပြင်ရန်/ ပြောင်းလဲရန်/ ဖြည့်စွက်ရန်/ အသစ်လဲရန် ညွှန်ကြားချက်များ |
|---|---|---|
| | | |

အထက်ပါပြုပြင်ခြင်းများ ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ အကြောင်းကြားရမည်။

**ပြည်နယ်/တိုင်းဒေသကြီး**
**ဘွိုင်လာစစ်ဆေးရေးမှူး**

**ဘွိုင်လာစစ်ဆေးရေးမှူး**

**ဘွိုင်လာစစ်ဆေးရေးမှူးချုပ်**

**ရက်စွဲ၊** ---------------

| | | |
|---|---|---|
| | **ဘွိုင်လာပြုပြင်ပြီးစီးကြောင်း အစီရင်ခံစာ**<br>--------- ပြည်နယ်/တိုင်းဒေသကြီး<br>**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန** | ဘွိုင်လာဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၆၅) |

ဘွိုင်လာမှတ်ပုံတင်အမှတ် ဘွိုင်လာအမျိုးအစား

| မစ |
|---|
| |

--------------------

ဘွိုင်လာပြုပြင်ရန်ညွှန်ကြားစာအမှတ် - ------------------------------ နေ့စွဲ၊ ---------------
တွင် ပါရှိသည့်အတိုင်း အောက်ပါပြုပြင်မှုများကို ပြုလုပ်ခဲ့ပါသည်။

လက်မှတ် ၊ ---------------------------------- လက်မှတ်၊ --------------------------------
ဘွိုင်လာပြုပြင်သူအမည်၊ -------------------- ပိုင်ရှင်အမည်၊ -----------------------------
ဘွိုင်လာပြုပြင်သူအမှတ်၊ ------------------- ဘွိုင်လာတည်ရှိရာအရပ်၊ --------------------

**ပြည်နယ်/တိုင်းဒေသကြီး**
**ဘွိုင်လာစစ်ဆေးရေးမှူး**

**ဘွိုင်လာစစ်ဆေးရေးမှူး**

**ဘွိုင်လာစစ်ဆေးရေးမှူးချုပ်**

ရက်စွဲ၊ ---------------

ပုံစံ (၆)

**ဘွိုင်လာမှတ်ပုံတင်အမှတ်ထွင်းရန်သတ်မှတ်ချက်**

( ဘွိုင်လာဥပဒေပုဒ်မ ၂၁ )

ဘွိုင်လာဥပဒေ၊ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ပြီးသော ဘွိုင်လာပေါ်တွင် အနက် ၀.၅ မီလီမီတာ မှ ၁ မီလီမီတာ အတွင်းထွင်းရန် မှတ်ပုံတင်အမှတ်မှာ အောက်ပါပုံစံအတိုင်းဖြစ်သည်-




ရုံးတံဆိပ်

ရက်စွဲ၊ ခုနှစ် လ ရက်

ဘွိုင်လာစစ်ဆေးရေးမှူးချုပ်

ပုံစံ(၇)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဘွိုင်လာစစ်ဆေးရေး**

**ဘွိုင်လာတည်ဆောက်မှုအဆင့်ဆင့်တွင် စစ်ဆေးအောင်မြင်ကြောင်းအာမခံလက်မှတ်**

(လုပ်ထုံးလုပ်နည်း အပိုဒ် ၅၅ အပိုဒ်ခွဲ(ဂ))

ဤဘွိုင်လာတည်ဆောက်ပုံနှင့်လက်ရာသည် ဘွိုင်လာဥပဒေ၊ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းတို့နှင့် ညီညွတ်ခြင်း၊ **စစ်ဆေးခွင့်ရှိသူ၏** ကြီးကြပ်စစ်ဆေးမှု အဆင့်ဆင့်ဖြင့် တည်ဆောက်ထားခြင်းတို့ကြောင့်..........................................................................

က တည်ဆောက်ခဲ့သော အလျား.............. မီလီမီတာ၊ အချင်း.............. မီလီမီတာ၊အမြင့်..................မီလီမီတာရှိ.......................................ဘွိုင်လာအားရည်ရွယ်တည်ဆောက်သည့်ဖိအား..................နှင့် တစ်နာရီလျှင် ရေငွေ့ထုတ်လုပ်နိုင်မှု ပမာဏ..................................ရှိသောဘွိုင်လာအတွက် ဤအာမခံလက်မှတ်ကိုထုတ်ပေးလိုက်သည်။

အဆိုပါဘွိုင်လာ၏......................နေရာတွင်အောက်ပါအတိုင်း တံဆိပ်ရိုက်နှိပ်ရမည်-

ထုတ်လုပ်သူအမည်....................................ထုတ်လုပ်သည့်ခုနှစ် ..............................

ထုတ်လုပ်သည့်အမှတ်စဉ်......................ရည်ရွယ်တည်ဆောက်သည့်ဖိအား.........................

စမ်းသပ်ရေဖိအားနှင့်ရက်စွဲ ...............................................................................

ကုမ္ပဏီအမည်နှင့် အမှတ်တံဆိပ် ........................................................................

ဘွိုင်လာစစ်ဆေးရေးမှူး၏ရှေ့မှောက်တွင်..................ရက်နေ့၌ ရေဖိအား ..............ဖြင့် စမ်းသပ်စစ်ဆေးအောင်မြင်သည်။

ထုတ်လုပ်သူ၏ ဒီဇိုင်းနှင့် ရေးဆွဲပုံစံတွင် ဖော်ပြထားသည့် အတိုင်းအတာများနှင့် ဘွိုင်လာတည်ဆောက်ခြင်း၊ ကျွန်ုပ်တို့လက်မှတ်ရေးထိုးထားသော ထုတ်လုပ်သူ၏ လက်မှတ်ပါ အသေးစိတ်အချက်အလက်များသည် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုတို့အရ မှန်ကန်၍ ကျေနပ်ဖွယ်ရှိသည်။

ရုံးတံဆိပ်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

ဘွိုင်လာစစ်ဆေးရေးမှူး ဘွိုင်လာစစ်ဆေးရေးမှူး ဘွိုင်လာစစ်ဆေးရေးမှူးချုပ်

ပုံစံ(၈)

| | | |
|---|---|---|
| | **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**<br>**စက်မှုဝန်ကြီးဌာန**<br>**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**<br>**ဘွိုင်လာပြုပြင်သူလက်မှတ်** | ဘွိုင်လာဥပဒေ<br>ပုဒ်မ ၅၀ |

| | |
|---|---|
| ဘွိုင်လာပြုပြင်သူအမှတ် | ဘပ/၀၀၁/၂၀၁၆---------------------------------- |
| မှတ်ပုံတင်သည့်ရက်စွဲ | ---------------------------------------------------- |
| အမည် | ---------------------------------------------------- |
| အဘအမည် | ---------------------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ---------------------------------------------------- |
| အသက်(မွေးသက္ကရာဇ်) | ---------------------------------------------------- |
| ပညာအရည်အချင်း | ---------------------------------------------------- |
| နေရပ်လိပ်စာ | ---------------------------------------------------- |
| | ---------------------------------------------------- |
| အလုပ်ရုံအမည်/တည်နေရာ | ---------------------------------------------------- |
| | ---------------------------------------------------- |
| | ---------------------------------------------------- |

လက်မှတ်ထုတ်ပေးသည့်ရက်စွဲ၊ ----------------------------

သက်တမ်းကုန်ဆုံးမည့်ရက်စွဲ ၊ ----------------------------

**ဘွိုင်လာစစ်ဆေးရေးမှူးချုပ်**

**ဘွိုင်လာဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(စ)အရ**
**ဘွိုင်လာပြုပြင်သူက လိုက်နာရမည့်စည်းကမ်းချက်များ**

၁။ စစ်ဆေးရေးမှူးက ပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားသော မည်သည့်ဘွိုင်လာကိုမဆို ပိုင်ရှင်၏ သဘောတူညီချက်ရရှိပါက ညွှန်ကြားစာပါအတိုင်း ပြုပြင်ခွင့်ရှိသည်။

၂။ ဘွိုင်လာပြုပြင်ရာတွင် အစားထိုးတပ်ဆင်မည့် ဘွိုင်လာသံပြားနှင့် အစိတ်အပိုင်းများသည် မူလ အရည်အသွေးအောက် မလျော့နည်းစေရ။

၃။ ဘွိုင်လာပြုပြင်ရာတွင် သံပြားမီးနာခြင်း၊ တွန့်လိမ်ခြင်း၊ ချိုင့်ဝင်ခြင်း၊ မူလပုံသဏ္ဍာန်ပျက်ခြင်း မဖြစ် စေရန် တာဝန်ယူရမည်။

၄။ ဘွိုင်လာများကို ပြုပြင်/တပ်ဆင်ရာတွင် ဘွိုင်လာဥပဒေ၊ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စံချိန် စံညွှန်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ရမည်။

၅။ ဘွိုင်လာဥပဒေ၊ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးရေးမှူးချုပ်က အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာမှုမရှိလျှင်ဖြစ်စေ၊ လုပ်ငန်းနှင့်ပတ်သက်၍ ဥပဒေ တစ်ရပ်ရပ်နှင့်ငြိစွန်းသဖြင့် ပြစ်ဒဏ်ကျခံရလျှင်ဖြစ်စေ ထုတ်ပေးထားသောလက်မှတ်ကို ပြန်လည် ရုတ်သိမ်းခြင်းခံရမည်။

၆။ ပြုပြင်ရန် ညွှန်ကြားစာတွင်ပါရှိသည့် ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာ၍ လုပ်ငန်းပြီး မြောက်သည်အထိ တာဝန်ယူဆောင်ရွက်ရမည်။

၇။ ဘွိုင်လာပြုပြင်သူလက်မှတ် သက်တမ်းမကုန်ဆုံးမီ ရက်(၃၀)အတွင်း ကြိုတင်၍ သက်တမ်းတိုးမြှင့် ရန် စစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက လက်မှတ်သက်တမ်း ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၈။ သက်တမ်းပျက်ပြယ်သည့် ဘွိုင်လာပြုပြင်သူလက်မှတ်ကို သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ ပြန်လည် အပ်နှံရမည်။

ပုံစံ(၉)

| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>စက်မှုဝန်ကြီးဌာန<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>**ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်** | ဘွိုင်လာဥပဒေ<br>ပုဒ်မ ၅၀ |
|---|---|

ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူအမှတ်    ဘက/၀၀၁/၂၀၁၆ ------------------------
မှတ်ပုံတင်သည့်ရက်စွဲ    -------------------------------------------
အမည်    -------------------------------------------
အဘအမည်    -------------------------------------------
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်    -------------------------------------------
အသက်(မွေးသက္ကရာဇ်)    -------------------------------------------
ပညာအရည်အချင်း    -------------------------------------------
တက်ရောက်ခဲ့သည့်ဘွိုင်လာသင်တန်းနှင့် ရရှိခဲ့သည့်အဆင့်    -------------------------------------------
ကိုင်တွယ်ထိန်းသိမ်းခွင့်ရှိသည့်ဘွိုင်လာ    -------------------------------------------
နေရပ်လိပ်စာ    -------------------------------------------
-------------------------------------------

လက်မှတ်ထုတ်ပေးသည့်ရက်စွဲ၊ --------------------
သက်တမ်းကုန်ဆုံးမည့်ရက်စွဲ၊ ---------------------

**ဘွိုင်လာစစ်ဆေးရေးမှူးချုပ်**

**ဘွိုင်လာဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ(စ)အရ**
**ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူက လိုက်နာရမည့်စည်းကမ်းချက်များ**

၁။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ယာယီအသုံးပြုခွင့်လက်မှတ်နှင့် အသုံးပြုခွင့်လက်မှတ် မရရှိသေးသည့် မည်သည့်ဘွိုင်လာကိုမျှ ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၂။ စစ်ဆေးရေးမှူးချုပ်က ဘွိုင်လာအမျိုးအစားနှင့် ရေနွေးငွေ့သုံးစွဲမှု အနေအထားပေါ်မူတည်၍ သတ်မှတ်ပေးသည့်ဘွိုင်လာကိုသာ ကိုင်တွယ်ထိန်းသိမ်းရမည်။

၃။ ဘွိုင်လာအသုံးပြုခွင့်လက်မှတ် သက်တမ်းမကုန်ဆုံးမီ ပိုင်ရှင်အား ကြိုတင်အသိပေးရမည်။

၄။ ဘွိုင်လာအားသတ်မှတ်သည့်ရက်တွင် စစ်ဆေးခံနိုင်ရန်အတွက် ဘွိုင်လာနှင့် ဘွိုင်လာအစိတ်အပိုင်းများ အားလုံး သန့်ရှင်းဆေးကြောထားနိုင်ရန် ပိုင်ရှင်အား အသိပေးရမည်။

၅။ ခွင့်ပြုဖိအားထက်ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှတာဝန်ပေးအပ်ချက်အရဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း မပြုလုပ်ရ။

၆။ ဘွိုင်လာအသုံးပြုနေစဉ် မည်သည့်အကြောင်းနှင့်မျှ ဘွိုင်လာအနီးမှ ထွက်ခွာသွားခြင်း မပြုရ။

၇။ ဘွိုင်လာတွင်မတော်တဆထိခိုက်မှု တစုံတရာဖြစ်ပွားခဲ့ပါက သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ အမြန်ဆုံး အကြောင်းကြားနိုင်ရန် ပိုင်ရှင်အားအသိပေးရမည်။

၈။ မတော်တဆထိခိုက်မှု တစုံတရာဖြစ်ပေါ်နိုင်မည့် အခြေအနေနှင့်ကြုံတွေ့ပါက မည်သို့ဆောင်ရွက်ရမည်ကိုသိရှိနားလည်ပြီး ကြိုတင်ပြင်ဆင်ထားရမည်။

၉။ တာဝန်ချိန်အတွင်း ထိုက်သင့်သည့်အာရုံစိုက်မှုရှိရမည်ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့် အရက်သေစာ သောက်စားမူးယစ်ခြင်း မပြုလုပ်ရ။

၁၀။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်သက်တမ်း မကုန်ဆုံးမီ ရက်(၃၀)အတွင်း ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။ယင်းသို့လျှောက်ထားခြင်း မရှိပါက လက်မှတ်သက်တမ်း ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၁။ သက်တမ်းပျက်ပြယ်သည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ ပြန်လည်အပ်နှံရမည်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာ (၃၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက် )

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်/ အမည်-(၉၂/ဖက်ခင်းကွင်း)၊ ဦးပိုင်အမှတ်- (၅၁/က) မှ မြေဧရိယာ (၀. ၉၁)ဧကနှင့်၊ ဦးပိုင်အမှတ် (၅၁/ခ) မှ မြေဧရိယာ (၀. ၉၄) ဧက၊ **စုစုပေါင်းမြေဧရိယာ (၁. ၈၅)ဧက** အား **ရာမညရဌဗုဒ္ဓတက္ကသိုလ်ဘုန်းတော်ကြီးကျောင်း** မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၄၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက် )

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် -/OSS ဆန်ခါ၊ ဦးပိုင်အမှတ် (၇၀) မှ မြေဧရိယာ (၁. ၃၉၆) ဧက၊ ဦးပိုင်အမှတ် (၇၁) မှ မြေဧရိယာ (၄. ၇၅၆)၊ ဦးပိုင်အမှတ် (၇၂) မှ မြေဧရိယာ (၃. ၀၀၅) ဧကအား **"သဒ္ဓမ္မဝါစကကျောင်းတိုက်"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၄၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက် )

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ပန်းပုကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၁၀၆/ကြေးပြင်ကွင်း)၊ ဦးပိုင်အမှတ် (၂၈) မှ မြေဧရိယာ (၄. ၆၁)ဧကနှင့် ဦးပိုင် အမှတ် (၂၉)

မှ မြေဧရိယာ (၄. ၇၉)ဧက၊ **စုစုပေါင်းမြေဧရိယာ (၉. ၁၀)ဧက** အား **နဂါးရစ်တောင်ဓမ္မပါလ တောရကျောင်း** မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက် )

အမှတ်။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဒေါ်ဂျာဖန်အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ (နံနက်ပိုင်း) မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် )

အမှတ်။ ။ ၂၀၁၆ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၃) ဦးအား ဒုတိယညွှန်ကြားရေးမှူးရာထူး (လစာနှုန်းကျပ် ၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) နေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန/ဒေသ |
|---|---|---|
| ၁။ | ဦးကိုကိုနိုင် | ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၂။ | ဦးစိုးစံ | ဘော်လခဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၃။ | ဦးစိုးယုလွင် | လောက်ကိုင်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

## အမိန့်ကြော်ငြာစာ

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

အမှတ်။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ လုပ်ငန်းဌာန (၄) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့မွန်အား အစမ်းကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့ (နံနက်ပိုင်း) မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထား လိုက်သည်။

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်<br>( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ

**သီရိသန္တာ ကုမ္ပဏီလီမိတက်**

**(Thiri Thandar Company Limited)**

အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်မာမာ ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၃-၉-၂၀၁၆) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။


ဒေါ်သန္တာခင်
မန်နေးဂျင်းဒါရိုက်တာ
သီရိသန္တာ ကုမ္ပဏီလီမိတက်

ဒေါ်မာမာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် - ၆၃၅ (အေ-၁)၊ အခန်း - (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

## နတ်သုဒ္ဓါ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်
## (MANNA INTERNATIONAL CO., LTD.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နတ်သုဒ္ဓါအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (MANNA INTERNATIONAL CO., LTD)** အား (၃-၈-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q) , C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စိုးလင်း
အုပ်ချုပ်မှုဒါရိုက်တာ
နတ်သုဒ္ဓါ အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နီကိုလ်အော်တိုမြန်မာ ကေပီဇက်တစ် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
## (NIKKO AUTO MYANMAR K P Z 1 SERVICES CO., LTD.)

ကုမ္ပဏီတရားဝင် ဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နီကိုလ်အော်တိုမြန်မာ ကေပီဇက်တစ်ဝန်ဆောင်မှုကုမ္ပဏီ လီမိတက် (NIKKO AUTO MYANMAR K P Z 1 SERVIDCES CO., LTD)** အား ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန္ဒာအေး နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ် [၁၂/သကတ(နိုင်) ၁၃၁၇၆၉] (ဘီကွန်း၊ စီပီအေ) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး
(B.Com , C.P.A)
လက်မှတ်ရပြည်သူ့စာရင်းကိုင်(စာရင်းစစ်)
အမှတ်-၂၃၊ အခန်း-၁၀၂၊ အင်ကြင်းလမ်း၊
၉၄ ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

**ပင်လယ်လက်ကြား စိုက်ပျိုးရေး လီမိတက်**
**(STRAITS AGRI LIMITED)** အား
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

**ပင်လယ်လက်ကြား စိုက်ပျိုးရေး လီမိတက် (STRAITS AGRI LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့၊ နံနက် (၉း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**ပင်လယ်လက်ကြား မော်တော်ယာဉ် လီမိတက်**
**(STRAITS AUTO LIMITED)** အား
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

**ပင်လယ်လက်ကြား မော်တော်ယာဉ် လီမိတက် (STRAITS AUTO LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့၊ နံနက် (၉း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

## ပင်လယ်လက်ကြား ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း လီမိတက်
## (STRAITS FINACE LIMITED) အား
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

**ပင်လယ်လက်ကြား ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း လီမိတက် (STRAITS FINANCE LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

## ပင်လယ်လက်ကြား ဆက်သွယ်ရေး လုပ်ငန်းများ လီမိတက်
## (STRAITS TELECOMMUNICATION LIMITED) အား
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

**ပင်လယ်လက်ကြား ဆက်သွယ်ရေး လုပ်ငန်းများ လီမိတက် (STRAITS TELECOMMUNICATION LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့၊ နံနက် (၁၁း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

## နှစ်ဘက်ကောင်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

## (GOOD TWO SIDES TRADING CO., LTD.)

ကုမ္ပဏီတရားဝင် ဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **"နှစ်ဘက်ကောင်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်" (GOOD TWO SIDES TRADING CO., LTD.)** အား ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန္ဒာအေး နိုင်ငံသားစိတ်စစ်ရေး ကတ်ပြားအမှတ် [၁၂/သကတ(နိုင်)၁၃၁၇၆၉] (ဘီကွန်း၊ စီပီအေ) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး
(B.Com , C.P.A)
လက်မှတ်ရပြည်သူ့စာရင်းကိုင်(စာရင်းစစ်)
အမှတ်-၂၃၊ အခန်း-၃၀၂၊ အင်ကြင်းလမ်း၊
၉၄ ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

## အိပ်မက်တောင်တန်းမီဒီယာ ကုမ္ပဏီလီမိတက်

## (DREAM HILL MEDIA COMPANY LIMITED.)

ကုမ္ပဏီတရားဝင် နောက်ဆုံးအပြီးသတ် ဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက် မည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **"အိပ်မက်တောင်တန်းမီဒီယာ ကုမ္ပဏီလီမိတက်" (DREAM HILL MEDIA COMPANY LIMITED)** အား ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန္ဒာအေး နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် [၁၂/သကတ(နိုင်)၁၃၁၇၆၉] (ဘီကွန်း၊ စီပီအေ) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရှိရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး
(B.Com , C.P.A)
လက်မှတ်ရပြည်သူ့စာရင်းကိုင်(စာရင်းစစ်)
အမှတ်-၂၃၊ အခန်း-၃၀၂၊ အင်ကြင်းလမ်း၊
၉၄ ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

## PELATRON, INC. (BRANCH OFFICE MYANMAR)

### Voluntary Liquidation

In accordance with the Pelatron Inc, (USA)'s Extraordinary General Meeting resolution is passed on 27.7.2016, U Than Aung [B.com (Q), C.P. A, D.C.Sc] (Certified Public Accountant), New building (2), Room No.(4), Pha Sa Pa La Housing, Mingalar Taung Nyunt Township, Yangon is Oppainted as Liquidator.

All creditors of the above company's branch office are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, not later than 26.8.2016.

U Aye Lwin @ Jimmy Saw Lwin
Chief Representative
Pelatron, Inc. (Branch Office Myanmar)

U Than Aung
[B.com (Q), C.P. A, D.C.Sc]
Liquidator
New Building (2), Room No.(4) Pha Sa Pa La Housing
Mingalar Taung Nyunt Township,
Yangon, Myanmar.

အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ

### Final Meeting နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈-င(၁) အရ Asia Boutique travel & TOurs Co., Ltd. ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၂၄၃၄/ ၂၀၁၂-၁၃ (၁၄. ၉. ၂၀၁၂) ဖျက်သိမ်းခြင်းကို (၅-၉-၂၀၁၆) နေ့ နံနက် ၉း၀၀ နာရီတွင် အပြီးသတ် စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံး အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khin Win Yi
Liquidator
No. 189, 2nd Fl.(left), Middle Block, 39th Street,
Kyauktada Township, Yangon.

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၅-၈-၂၀၁၆။